# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၁)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင်(ဓမ္မပဒ - ၇၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၉

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**"စက်သုံးဆီသုံးစွဲမှုနှင့် ပတ်သက်၍ စက်သုံးဆီများသည် ကမ္ဘာနှင့်တစ်ဝန်း ဈေးနှုန်းမြင့်တက်နေသည့် အခြေအနေဖြစ်၊ ပြည်ပမှ မှာယူတင်သွင်းရပြီး ဈေးနှုန်းကြီးမြင့်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှုလျှော့နည်းစေရန်နှင့် အသုံးစရိတ်များမြင့်မားမှုကို ရှောင်ရှားသည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုများကို တတ်နိုင်သမျှ လျှော့ချသုံးစွဲသွားကြရမည်"**




မြန်မာ့အလင်း

# နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်သူ ပြည်ထောင်စု၏တပ်မတော်

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရယူနိုင်ရန် ကြိုးပမ်းမှုနှင့်အတူ ပြည်သူလူထုကြားမှ ပေါက်ဖွားလာခြင်းဖြစ်သည်ကို တွေ့ရှိနိုင်သည်။ ဖက်ဆစ်တော်လှန်ရေး၊ အရင်းရှင်နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးတို့တွင် ပြည်သူနှင့်အတူ လက်တွဲတွန်းလှန်ရန်းကန်ကြိုးပမ်းခဲ့သလို နိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် နယ်ချဲ့ပယောဂဖြင့် ပေါ်ပေါက်လာသည့်ပြည်တွင်းသောင်းကျန်းမှုများကို ရှိသည့်အင်အား၊ ချို့ငဲ့သည့် လက်နက်ခဲယမ်း၊ စစ်ယာဉ်ယန္တရားများကိုစုစည်းကာ နိုင်ငံမပြိုကွဲအောင်၊ ရရှိပြီးစ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးအောင် ပြန်လည်တိုက်ခိုက်နှိမ်နင်းခဲ့ရသည်။ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက်တွင် ပြည်တွင်း ပြည်ပရန်များကို ကာကွယ်ရန်အတွက် အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်ခဲ့ရခြင်းပင်ဖြစ်သည်။

မြန်မာ့တပ်မတော်သည် ပြည်သူလူထုကြားမှ ပေါက်ဖွားလာသည့်အတွက် ပြည်သူ့တပ်မတော်ဟု ခေါ်ဆိုအပ်သကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုတပ်မတော်ဟုလည်း ခေါ်ဆိုအပ်သည်။ ထို့ပြင် နိုင်ငံတော်တွင် ကြီးမားသည့် အရေးကိစ္စများ ပေါ်ပေါက်သည့်အခါတိုင်း စနစ်ကျခိုင်မာသည့် တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ် ရပ်တည်ကာ နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်သူ Guardian လည်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်၏ အဓိကတာဝန်သည် “အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်” ဖြစ်သည့်အလျောက် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်မှာ တပ်မတော်၏ အင်အားခိုင်မာတောင့်တင်းနေရန် လိုအပ်သည်။

“တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် သမားရိုးကျစစ်ပွဲ ဆင်နွှဲနိုင်သည့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ရာ ပြည်ထောင်စုကြီး၏ တပ်မတော်ဖြစ်သော မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်ဖြစ်လာအောင် ဖွဲ့စည်းတည်ဆောက်ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုကျေပွန်စွာ ထမ်းဆောင်နိုင်ရေးဖြစ်သည့်အလျောက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်နိုင်ကြရန် လိုအပ်သည်။

လက်ရှိကာလသည် မိမိတို့နိုင်ငံအတွက် လွန်စွာအရေးကြီးသည့် အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရချိန်၊ ပြည်တွင်းပြည်ပမှ အဖျက်အင်အားစုများက မိမိတို့နိုင်ငံကို အလုံးစုံပျက်သုဉ်းစေရန် မီးကုန် ယမ်းကုန် ကြိုးပမ်းနေချိန်၊ နိုင်ငံတော်တွင် တစ်ခုတည်းသော ခိုင်မာစနစ်ကျသည့် အဖွဲ့အစည်း (Institution) ဖြစ်သော တပ်မတော်နှင့် ပြည်သူလူထုကြားတွင် နည်းမျိုးစုံဖြင့် သွေးခွဲသပ်လျှိုနေချိန်ဖြစ်ရာ ပြည်ထောင်စုချစ်စိတ်၊ မျိုးချစ်စိတ်ရှိသည့် နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံ၏ပကတိအခြေအနေတို့ကို ဉာဏ်ပညာဦးဆောင်သည့် ဆင်ခြင်တုံတရားဖြင့် မှန်ကန်စွာ ရှုမြင်သုံးသပ်ကြရန်နှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝများ မြင့်မားရေးတို့အတွက် တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

- (က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
- ( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
- ( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
- (ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊
- ( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ အာလဝီ ကုန်းရပ်၊ အလ၀-၁၃ တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ၏ အလံပုံစံ**



**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ■ ယခုအချိန်ကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းကို ကောင်းစွာထိန်းချုပ် ထားနိုင်သည့် အခြေအနေတွင်ရှိပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လာပြီ ဖြစ်သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထက် ရငွေများပိုမိုရရှိမည်ဟု ခန့်မှန်း

❖ ရှေ့ဖုံးမှ

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်တင်ပြလာသည့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို အခြေခံ၍ ဘဏ္ဍာနှစ်အလိုက်၊ ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြိုတင်စိစစ်တင်ပြလာသည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့နှင့် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကာ ထပ်ဆင့်စိစစ်သွားမည်ဖြစ်ကြောင်း။

### အသုံးစရိတ်များကို စိစစ်ဆောင်ရွက်

ယခု အချိန်ကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်းကို ကောင်းစွာထိန်းချုပ်ထားနိုင်သည့် အခြေအနေတွင်ရှိပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လာပြီ ဖြစ်သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထက် ရငွေများပိုမိုရရှိမည်ဟု ခန့်မှန်းပါကြောင်း၊ အသုံးစရိတ်နှင့် ပတ်သက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်းရရှိနိုင်မည့် ရငွေအပေါ် မူတည်ခွဲဝေလျာထားရမည်ဖြစ်ပြီး ဘတ်ဂျက်လိုငွေ အခြေအနေကိုလည်း သင့်တင့်လျောက်ပတ်စွာ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များနှင့် မသုံးသင့်မသုံးထိုက်သည့် အသုံးစရိတ်များကို စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မဖြစ်မနေခွင့်ပြုရသည့် လစာနှင့် စရိတ်များ၊ လုပ်အားခများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များ အပါအဝင် သာမန်အသုံးစရိတ်များနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးသုံးစွဲရမည့် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်အပါအဝင် ငွေလုံးငွေရင်း အသုံးစရိတ်များကို သုံးစွဲသွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးအစီအစဉ်များအလိုက် ခွင့်ပြုပေးသွားရမည်ဖြစ်ကြောင်း။

### စက်သုံးဆီသုံးစွဲမှုများ တတ်နိုင်သမျှ လျှော့ချသုံးစွဲရမည်

စက်သုံးဆီသုံးစွဲမှုနှင့်ပတ်သက်၍ စက်သုံးဆီများသည် ကမ္ဘာနှင့်တစ်ဝန်း ဈေးနှုန်းမြင့်တက်နေသည့် အခြေအနေဖြစ်ကြောင်း၊ ပြည်ပမှ မှာယူတင်သွင်းရပြီး ဈေးနှုန်းကြီးမြင့်သည့်အတွက် နိုင်ငံခြားငွေ သုံးစွဲမှုလျှော့နည်းစေရန်နှင့် အသုံးစရိတ်များ မြင့်မားမှုကို ရှောင်ရှားသည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုများကို တတ်နိုင်သမျှ လျှော့ချသုံးစွဲသွားကြရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် စက်သုံးဆီသုံးစွဲမှုများကို အုပ်ချုပ်မှုသုံးအတွက်ဖြစ်စေ၊ လုပ်ငန်းသုံးအတွက်ဖြစ်စေ စိစိစစ်စစ်ခွင့်ပြုပေးသွားမည်ဖြစ်၍ စိစိစစ်စစ်သုံးစွဲသွားကြရမည်ဖြစ်ကြောင်း၊ ရုံးသစ်များ၊ ဝန်ထမ်းအိမ်ရာအသစ်များ ဆောက်လုပ်ခြင်းများနှင့် ပတ်သက်၍ သာမန်အားဖြင့် ခွင့်ပြုမည်မဟုတ်ဘဲ လိုအပ်ချက်အပေါ်မူတည်၍ နယ်မြေဒေသအခြေအနေ၊ လုံခြုံရေးအခြေများအရ ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးစက်ပစ္စည်း၊ ပရိဘောဂများဝယ်ယူခြင်းနှင့် ပတ်သက်၍ Luxury ပစ္စည်းများ ဝယ်ယူခြင်းကို ခွင့်ပြုမည်မဟုတ်ဘဲ ဌာနအတွက် လိုအပ်သည့်အခြေအနေနှင့် ယခင်ဝယ်ယူထားသည့် အခြေအနေတို့ကို စိစစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။

ယခု ညှိနှိုင်းအစည်းအဝေးတွင် အချို့ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ အကြီးအကဲများ၏ လတ်တလော ညွှန်ကြားချက်နှင့် မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်ပေးချက်များအရ ထပ်မံတင်ပြမည့်အချက်များကို ပွင့်လင်းစွာ တင်ပြဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်သည့်အချိန်တွင် ဌာန၊ အဖွဲ့အစည်းများ၏ လျာထားချက်များအပေါ် အကျေအလည်ညှိနှိုင်းပြီး စိစစ်ထားပြီး ဖြစ်သည်ဟုသိရကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေလျာထားချက်များနှင့် အသုံးစရိတ်လျာထားချက်များအပေါ်တွင် ပြင်ဆင်ရန်ရှိပါက ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း၊ အမှန်တကယ်ဆောင်ရွက်ရမည့် အခြေအနေအရလည်းကောင်း တင်ပြရန်ရှိပါက ဆက်လက်တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ ရေးဆွဲတင်ပြလာသော ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပြီးဖြစ်သော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ရငွေ၊ သုံးငွေစာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သက်ဆိုင်ရာ အဖွဲ့အစည်းနှင့်ဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြကြရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ရွာ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ ကျောင်းသား ကျောင်းသူ တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။





ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျောင်းကုန်းမြို့နယ်ရှိ ကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၅၈ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ငါးခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၇၉၈၄၃ ဦး စာရင်းပေးသွင်းကြပြီး ၁၆၁၆၈၁ ဦး ဝင်ရောက်ဖြေဆိုကြသည်။ ရောဝတီတိုင်းဒေသကြီးတွင် စာစစ်ဌာန စုစုပေါင်း ၂၀၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၂၂၁၁၅ ဦး စာရင်းပေးသွင်းကြပြီး ၂၀၀၅၈ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

သတင်းစဉ်

---

## စဉ့်ကူးမြို့ စာစစ်ဌာန နှစ်ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆို

**စဉ့်ကူး မတ် ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့စာစစ်ဌာန နှစ်ခုတွင် ယမန်နေ့မှစ၍ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

စဉ့်ကူးမြို့နယ်တွင် ရွှေပြည်(စာစစ်ဌာန)နှင့် စဉ့်ကူး(စာစစ်ဌာန) နှစ်ခုရှိရာ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုလျက်ရှိရာ အဆိုပါ စာစစ်ဌာန နှစ်ခုတွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်၊ သပိတ်ကျင်းခရိုင် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်မွန်နှင့် တာဝန်ရှိသူများက ကူညီပံ့ပိုးပေးလျက်ရှိပြီး အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် နယ်မြေခံတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်။

စဉ့်ကူးမြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတွင် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ကျောင်းသား ၁၃၅ ဦးနှင့် ကျောင်းသူ ၂၃၀ စုစုပေါင်း ၃၆၅ ဦး၊ ဖြေဆိုသူ ကျောင်းသား ၁၂၃ ဦးနှင့် ကျောင်းသူ ၂၁၅ ဦး စုစုပေါင်း ၃၃၈ ဦး ဖြေဆိုကာ ဖြေဆိုရန် ပျက်ကွက်သည့် ကျောင်းသား ၁၂ ဦးနှင့် ကျောင်းသူ ၁၅ ဦး စုစုပေါင်း ၂၇ ဦးရှိကြောင်း၊ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၆၀ ရှိကြောင်း စဉ့်ကူးမြို့နယ်ပညာရေးမှူးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၉

**အာဆီယံ – ဂျပန် ဗဟိုဌာန၏ ရန်ပုံငွေ (၂၀၂၂) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှု များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (ယာပုံ)

ဆွေးနွေးပွဲကို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို မျှဝေခြင်းမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ ဌာနများမှ အရာထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ခေတ်သစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများတွင် စွမ်းဆောင်ရည် ပြည့်ဝစွာ ပါဝင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲကို မတ် ၁၀ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

**ခေါင်းစဉ်အလိုက် ဆွေးနွေးမည်**

ဆွေးနွေးပွဲတွင် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာစန်းစန်းလွင်နှင့် Senior International Arbitration Advisor, Dr. Kabir Duggal တို့က နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များနှင့် သက်ဆိုင်သည့် အပြည့်အဝ အကာအကွယ်ပေးခြင်းနှင့် လုံခြုံမှုရှိစေခြင်း၊ Public Policy Exceptions နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် အခွန်ဆိုင်ရာ ဆောင်ရွက်မှုများကို ထည့်သွင်းခြင်း/ချန်လှပ်ခြင်း၏ သက်ရောက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို လျော့ကျစေမည့် ပြဋ္ဌာန်းချက်များနှင့် အစိုးရ၏ စည်းမျဉ်း စည်းကမ်းချပိုင်ခွင့် (Right to Regulate) ကို အားကောင်းစေနိုင်မည့် ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဓိပ္ပာယ်၊ နိုင်ငံသားနှင့် တန်းတူဆက်ဆံခြင်း၊ ပိုမိုသာလွန်သော အခွင့်အရေးရနိုင်များနည်းတူ ဆက်ဆံဆောင်ရွက်မှုပြုခြင်း၊ သာတူညီမျှဆက်ဆံဆောင်ရွက်မှုပြုခြင်း စသည့် ခေါင်းစဉ်များဖြင့် နိုင်ငံတကာ သဘောတူစာချုပ်များ၏ Trend တိုးတက်ပြောင်းလဲမှုများကို မျှဝေ ဆွေးနွေးသွားမည်ဖြစ်သည်။

**တက်ရောက်**

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့် အရာရှိကြီးများနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**




# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၉**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၃ ခုနှစ် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသ ရောင်းချမည့် ကျောက်စိမ်းတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့်အခြေအနေ၊ လုံခြုံရေးဆိုင်ရာ အခြေအနေ၊ ပြပွဲတက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး အခြေအနေနှင့် ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်း

**နေပြည်တော် မတ် ၉**

၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဆွမ်း/ကွမ်း ခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးဘိုဘိုကျော်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ကျွဲချောင်းကျေးရွာ၊ လင်းရောင်ခြည် ဓမ္မရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များနှင့် စာသင်ရှင်သာမဏေများအတွက် ဆွမ်းဆန်တော် ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ၊ ဆား ၁၀ ပိဿာ စသည့်လှူဒါန်းဖွယ်ရာ ပစ္စည်းများအား ကျောင်းထိုင်ဆရာတော် ကေလာသထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ချောင်းဆုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

**ချောင်းဆုံ မတ် ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်နယ်အစိုးရ၏ ဒုတိယအကြိမ်အဖြစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်နယ်သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အသေးစားလုပ်ငန်းရှင်များ သမဝါယမအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသား လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ချောင်းဆုံမြို့နယ်ရှိ အသေးစားလုပ်ငန်းရှင်များ သမဝါယမအသင်းမှ ခနိုဖူးခြောက်လုပ်ငန်း၊ ကျောက်သင်ပုန်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် စတီးလုပ်ငန်း ဆောင်ရွက်နေသည့် အသင်းသား လုပ်ငန်းရှင်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ ကုန်ထုတ်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း မတ် ၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း၌ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လမ်း၊ ကုန်ထုတ်တံတား၊ ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်စွာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်မှုဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၁၆၉ ဒသမ ၅၇ သန်းဖြင့် ကုန်ထုတ်လမ်း နှစ်လမ်း (၁/၃ ဒသမ ၄၆) မိုင်နှင့် ရေပေးရေးလုပ်ငန်း သုံးခုကို လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၆၁ ဒသမ ၀၃ သန်းဖြင့် ကုန်ထုတ်လမ်း ငါးလမ်း (၈/၁ ဒသမ ၉၁၀၆) မိုင်နှင့် ကုန်ထုတ်တံတား သုံးစင်းကို လည်းကောင်း တင်ဒါအောင်ကုမ္ပဏီများက ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ အသုံးပြုလာနိုင်ခြင်း၊ ဒေသထွက်ကုန်များ ကုန်စည်စီးဆင်းမှု လွယ်ကူလာကာ ဈေးကွက်သို့ လွယ်ကူစွာ ပို့ဆောင်လာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့်တွေ့ဆုံပြီး ရင်ခွင်မဲ့ကလေးများ ရန်ပုံငွေပေးအပ်ချီးမြှင့်ပွဲ တက်ရောက်ချီးမြှင့်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် မတ် ၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

**နိုင်ငံတော်အဆင့်ကျင်းပ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ တွေ့ဆုံပွဲသည် အမျိုးသားတစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ဆုရွေးချယ်ချီးမြှင့်ပွဲများကို နိုင်ငံတော်အစိုးရအဆက်ဆက်က တန်ဖိုးထားကာ အလေးအနက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဆုပေးပွဲအခမ်းအနားကို နှစ်ကြိမ်တိုင် နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက် ချီးမြှင့်ခဲ့ပါကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်ပြီး တာဝန်ကျေမဟုတ်ဘဲ စိတ်ရင်းစေတနာအမှန်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ စာပေပညာရှင်ကြီးများအနေဖြင့်လည်း အမျိုးသားတစ်သက်တာစာပေဆုအတွက် အသက်အရွယ်အရ၊ စာပေပညာအရ ပေးသင့်ပေးထိုက်သူ၊ ရသင့်ရထိုက်သူများ မကျန်ရှိစေရန် စိစစ်ရွေးချယ်ပေးနိုင်ရန် အကြံပြုပါကြောင်း၊ စာပေလောကကြီး တိုးတက်ဖွံ့ဖြိုးမှုရှိစေရေးအတွက် စာပေပညာရှင်ကြီးများက ဝိုင်းဝန်းကြပ်မတ်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆု၊ စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးသည်။

**ဆွေးနွေး**

ဆက်လက်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဆရာ ဦးစိန်လှိုင် (သူရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ဆုရွေးချယ်မှုဆိုင်ရာ လုပ်ငန်းများပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ စာအုပ်များ လက်ခံရရှိမှု၊ ဆုရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းများ စီစဉ်ထားရှိမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ပြုလုပ်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရင်ခွင်မဲ့ကလေးများ ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာပြည်သိန်းတန်နှင့် ရင်ခွင်မဲ့ကလေးများ စုပေါင်းသီဆိုထားသည့် ကြယ်စင်လေးများ သီချင်းအား Video Clip ဖွင့်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရင်ခွင်မဲ့ဖြစ်နေကြသည့် ရင်သွေးရတနာလေးများနှင့် ဘဝအခြေအနေ ချို့တဲ့နေကြသည့် ကလေးများစွာရှိပါကြောင်း၊ ထိုကဲ့သို့ ရင်ခွင်မဲ့နေကြသည့် ကလေးများကို စနစ်တကျပြုစုပျိုးထောင်ပြီး တန်ဖိုးရှိသော လူချွန်လူကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် မေတ္တာဖြင့် ထုံမွမ်း၍ ဝိုင်းဝန်းကူညီစောင့်ရှောက်ရမည် ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကူညီစောင့်ရှောက်**

ရင်ခွင်မဲ့နေကြသည့် ကလေးများအား စာနာနားလည်မှုနှင့် ပံ့ပိုးကူညီမှုတို့ဖြင့် နွေးထွေး၊ အေးချမ်းပျော်ရွှင်သည့် မေတ္တာရင်ခွင်တစ်ခု ဖန်တီးပေးပြီး ၎င်းတို့၏ ပညာသင်ကြားရေး၊ စားဝတ်နေရေး စသည့်လိုအပ်ချက်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်၍ စနစ်တကျပြုစုပျိုးထောင်ပေးမည်ဆိုလျှင် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် လူချွန်လူကောင်းများ ဖြစ်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ပရဟိတအသင်းအဖွဲ့များကို ပံ့ပိုးပေးပြီး ရင်ခွင်မဲ့ ကလေးများအတွက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရင်ခွင်မဲ့ကလေးသူငယ်များ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးရေးကို တတ်စွမ်းသမျှ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မိဘရင်ခွင်မဲ့နေကြသည့် ရင်သွေးရတနာလေးများနှင့် ဘဝအခြေအနေ ချို့တဲ့နေကြသည့် ကလေးသူငယ်များအား ထောက်ပံ့ကူညီနိုင်ရေးအတွက် "ကြယ်ကလေးများ၏ အနာဂတ်" တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်ညတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့်အတူ အသက်လေးနှစ်မှ အသက် ၂၀ အရွယ်အထိ ရင်ခွင်မဲ့ကလေးများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပါကြောင်း၊ ရင်ခွင့်မဲ့ကလေးငယ်များအား ပညာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် လူမှုဘဝတစ်လျှောက် ယုံကြည်မှုအပြည့်ဖြင့် လျှောက်လှမ်းနိုင်ရန်အတွက် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာပြည်သိန်းတန်က ရင်ခွင်မဲ့ကလေးများအတွက် ရန်ပုံငွေရရှိရေး ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင် ဦးဌေးလွင်တို့က ရင်ခွင်မဲ့ကလေးများအတွက် ရန်ပုံငွေများကို ပေးအပ်လှူဒါန်းရာ နန်းဦးပရဟိတကျောင်း၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ကမာဆွဲလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ကလေးဝတောရဘုန်းတော်ကြီးသင် ပညာသင်ကျောင်း၊ မေတ္တာဝါဒီလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ပညာ့သိပ္ပံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ လပြည့်ဝန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ အောင်ဇေယျာမင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ခိုင်နှင်းဝေ ရင်သွေးလေးများ ဂေဟာနှင့် ရတနာ့ဗိမာန် ပရဟိတကျောင်းတို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ အမှုဆောင် ဦးဌေးလွင်တို့က မုဒိတာစကားများ ပြောကြားပြီး ပရဟိတကျောင်းများကိုယ်စား ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာမှ ဒေါ်ခိုင်နှင်းဝေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

---

## လယ်ဝေးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနိုင်ရေး သွင်းအားစုများပေးအပ်

**လယ်ဝေး မတ် ၉**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် သွင်းအားစုများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အလယ်ကျွန်းကျေးရွာအုပ်စု၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနိုင်ရေး မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က သွင်းအားစုများအား တောင်သူများလက်ဝယ်သို့ အချိန်မီပေးအပ်နိုင်စေရန်နှင့် တောင်သူများအနေဖြင့်လည်း အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိအောင် အသုံးပြုနိုင်စေရေး ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဝင်းအောင်က မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေလို၍ ဘက်ပေါင်းစုံမှ အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် သွင်းအားစုများအား စနစ်တကျအသုံးပြုနိုင်စေရေး ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက လယ်ဝေးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနေမှု၊ သွင်းအားစုများအား တောင်သူများထံ ပေးအပ်နေမှုအခြေအနေများ၊ သွင်းအားစုဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဝယ်ယူကြိတ်ခွဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် တာဝန်ရှိသူများက ဒေသခံနွေစပါးစိုက်တောင်သူများထံသို့ သွင်းအားစုများ ပေးအပ်သည်။ လယ်ဝေးမြို့နယ်အနေဖြင့် နွေစပါးစိုက်ပျိုးရန်အတွက် ချောင်းမငယ်၊ ပေါင်းလောင်း၊ သဲဖြူမဒန်း စသည့်ဆည်များမှ



ရေပေးဝေနိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကျေးရွာအုပ်စု ၂၄ စုတွင် စိုက်ဧကပေါင်း ၇၁၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အလယ်တောရ စံပြစာသင်တိုက်၏ သာသနာ့မြေပေါ်ရှိ ဆောက်လုပ်ဆဲ ဓမ္မဝိဇယသာသနာ့ဗိမာန်တော် RC ၄ ထပ် အဆောက်အဦအတွက် လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း



ပွင့်တော်မူပြီးသော ဗုဒ္ဓမြတ်စွာဘုရားအဆူဆူတို့သည် "ဝိဟာရ ဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ"၊ (ကျောင်း၊ ဗိမာန်လှူဒါန်းခြင်းသည် အမြတ်ဆုံး အလှူဒါနဖြစ်သည်)ဟု ချီးမွမ်းတော်မူခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားအဆူဆူတို့၏ဒေသနာတော်နှင့်အညီ "ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ"ဟူသော သာသနာတော် သုံးရပ် အရှည်တည်တံ့ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် အလယ်တောရစံပြစာသင်တိုက် မြေပေါ်တွင် ဓမ္မဝိဇယသာသနာ့ ဗိမာန်တော် RC ၄ ထပ် အဆောက်အဦကို မြေအကျယ် ၀.၆၈၈ ဧကပေါ်တွင် အလျား ၁၀၉' ၆"၊ အနံ ၄၆' ၆"၊ အဆောက်အဦအမြင့် ၅၀'၊ ပြာသာဒ်အဆောင် ၂၁' ၆" စုစုပေါင်း ၇၁' ၆" ဖြင့် ဆောက်လုပ်လျက်ရှိရာ ဤဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ပြီးစီးပါက သာသနာပြုလုပ်ငန်းများကို ဤဗိမာန်တော်ကြီးတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါသာသနာ့ဗိမာန်တော်ကြီး အပြီးသတ်ဆောက်လုပ်နိုင်ရေးအတွက် သဒ္ဓါတရား လက်ကိုင်ထားကာ ကျောင်းဗိမာန် ဒါယကာ၊ ကျောင်းဗိမာန် ဒါယိကာမအဖြစ် ခံယူနိုင်ရန် တတ်စွမ်းသမျှ မြတ်ဒါနကို KBZ Bank A/C No.23132603400117001 သို့ လှူဒါန်းပေးနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

# EV အသုံးပြုခြင်းအားဖြင့် ကာဗွန်ထုတ်လုပ်မှုကိုလည်း အများကြီးလျှော့ချပေးနိုင်တယ်၊ လောင်စာဆီသုံးစွဲမှုကို ရာနှုန်းပြည့် လျှော့ချနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ရော နိုင်ငံအနေနဲ့ပါ စရိတ်ကုန်ကျမှု အမှန်တကယ်လျှော့နည်းလာနိုင်မှာဖြစ်ပါတယ်

**EV Charging Station များကို Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ Pilot Project အနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ EV Charging Station များကို မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး EV ကားများ၏ အားသာချက်၊ အားနည်းချက်များအပေါ် ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်အချို့၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**

**ဦးမောင်မြင့်(ယာဉ်မောင်းသူ)**
**ရန်ကုန်မြို့**

EV ကားတွေရဲ့ အားသာချက်က အဓိကကတော့ ကုန်ကျစရိတ်ပေ့ါ။ EV နဲ့ Taxi ဆွဲရတာ ဆီဖိုးလုံးဝမကုန်တော့ အခုလို ဆီဈေးတွေတက်နေတဲ့အချိန် နေ့စဉ် ကုန်ကျစရိတ်က ပုံမှန်ထက် ၈၀ ရာခိုင်နှုန်းလောက်ကို သက်သာသွားတော့ ကျွန်တော်တို့ Taxi သမားတွေအတွက် ပိုကိုက်တာပေ့ါ။ အရင်ကဆို EV ကားဆိုတာကိုလုံးဝစိတ်မဝင်စားဘူး။ တချို့ပြောနေကြသလို မီးပျက်လို့ အားသွင်းလို့ မရမှာ၊ အလွယ်တကူ အားသွင်းလို့ မရနိုင်မှာတွေကို စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် အခုက ကျွန်တော်တို့ နိုင်ငံမှာလည်း Charging Station တွေက ထင်ထားတာထက်ပိုပြီး မြန်မြန်ဆန်ဆန်ပြီးစီးသွားတယ်။ အားသွင်းဖို့ကလည်း DC Fast Charging တွေဆိုတော့ လွယ်ကူမြန်ဆန်တယ်။ တကယ့်ကို အားရပါတယ်။

ပြီးတော့ ခေတ်ဆီ၊ ဒီဇယ်ကားနဲ့ ကွာခြားမှုက ပြုပြင်ထိန်းသိမ်းစရိတ်။ အခု EV ကားတွေမှာက ဆီကားတွေလို အင်ဂျင်ဝိုင်လဲလှယ်စရာမလိုဘူး၊ filter တွေ လဲရတာမျိုးလည်း မရှိတော့ဘူး။ ယာဉ်မောင်းသူအတွက် ကုန်ကျစရိတ်က ဘာမှကို သိပ်မရှိတာပါ။ ပြီးတော့ Engine မပါတဲ့အတွက် ကားမောင်းရတာ စက်သံမကြားဘဲ အသံကလုံပြီး တိတ်ဆိတ်တယ်။ အဲဒီတစ်ချက်ကလည်း ဆီကားနဲ့လုံးဝကို သိသိသာသာကွာခြားတယ်။ ကျွန်တော်ကတော့ အဲဒီအချက်ကို တော်တော်ကြိုက်တယ်။ ကျွန်တော်ပြောခဲ့သလိုပဲ နေ့စဉ်ကုန်ကျစရိတ်က ဆီကားတွေထက် ၈၀ ရာခိုင်နှုန်းလောက် သက်သာသွားတော့ ကျွန်တော်တို့အတွက် ဝင်ငွေပိုရတယ်။ မိသားစုအတွက် ပိုကောင်းတာပေ့ါဗျာ။

**ဝေယံ(ယာဉ်မောင်းသူ)**
**ရန်ကုန်မြို့**

ကျွန်တော်ကတော့ စမ်းသပ်ပြီး EV ကားနဲ့ အလုပ်လုပ်ကြည့်ပြီးပါပြီ။ ကုန်ကျစရိတ်နည်းသွားတော့ ကျွန်တော့်အတွက်လည်း စီးပွားရေးအရ ကိုက်ပါတယ်။ ကျွန်တော်က အရင်က ဆီကား Taxi မောင်းတယ်။ အခု EV ကားမောင်းတယ်။ ဘာပဲပြောပြော EV ကားတွေက အသစ်တွေဆိုတော့ ယာဉ်မောင်းအတွက်လည်း ကုန်ကျစရိတ်နည်းတယ်၊ ကားငှားစီးတဲ့ သူအတွက်လည်း ဆီကားနဲ့စာရင် ဈေးနှုန်းသက်သာတယ်။ EV ကားမောင်းဖို့ ဘယ်လိုလုပ်ရသလဲဆိုတော့ EV ကား Company တွေနဲ့ ချိတ်ဆက်တယ်။ အခု N.P.K Motors နဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ စာရွက်စာတမ်းတွေပေးပြီး မောင်းနှင်တာပါ။ အခုလို ကျွန်တော်တို့လို Taxi သမားတွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ အတွက်လည်း N.P.K Motor Co.,Ltd ကို ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အမြင် ပြောရရင်တော့ ကျွန်တော်က Taxi မောင်းနှင်သူ တစ်ယောက်အနေနဲ့ ကုန်ကျစရိတ် လုံးဝကိုသက်သာလို့ သဘောကျတယ်။ အခု N.P.K Motor Co.,Ltd ကနေ မြန်မာပြည်ရဲ့ ပထမဆုံး MG EV Charging Station ကို တာဝန်ယူဆောက်လုပ်ပေးတာ တွေ့ရတယ်။ နောင်လည်း မြန်မာပြည်နေရာအနှံ့မှာ နောက်ထပ် Charging Station တွေ အမြန်ဆုံးဆောက်လုပ်ပြီးစီးသွားဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်ကတော့ မြန်မာပြည်ကို EV ကားတွေ ဝင်လာတာကို ကြိုဆိုပါတယ်။

**ကိုမိုးသန့်(ရန်ကုန်)**
**EV ကားဝယ်ယူသူ**

အခုဆို မြန်မာနိုင်ငံမှာ EV ကားတွေအကြောင်း တော်တော်များများ သိလာကြတယ်။ လျှပ်စစ်သုံးယာဉ်တွေမှာ အဓိကမောင်းနှင်ဖို့ အသုံးပြုတဲ့ မော်တာက ဆီကားတွေရဲ့ အင်ဂျင်နဲ့ နှိုင်းယှဉ်လို့ရှိရင် စွမ်းဆောင်ရည် ပိုမိုမြင့်မားပြီးတော့ စွမ်းအင်သုံးစွဲမှုလည်း လျော့နည်းတယ်။ EV အသုံးပြုခြင်းအားဖြင့် ကာဗွန်ထုတ်လုပ်မှုကိုလည်း အများကြီးလျှော့ချပေးနိုင်တယ်၊ လောင်စာဆီသုံးစွဲမှုကို ရာနှုန်းပြည့် လျှော့ချနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ရော နိုင်ငံအနေနဲ့ပါ စရိတ်ကုန်ကျမှု အမှန်တကယ် လျော့နည်းလာနိုင်မှာ ဖြစ်ပါတယ်။

အဓိကတော့ ဆီကားထက် အားသာမှုရှိတယ်။ တင်သွင်းတဲ့ ကုမ္ပဏီတွေကလည်း များပါတယ်။ ကျွန်တော်လည်း EV ကား သဘောကျလို့ ဝယ်ဖြစ်တာပါ။ အဲဒီထဲကမှ ကျွန်တော်က MG ကို ရွေးဖြစ်တယ်။ ကျွန်တော်တို့လို ဝယ်ယူသူစဉ်းစားတာက ကိုယ်သုံးလိုက်ရတဲ့ ပိုက်ဆံတွေကို အလကားမဖြစ်ချင်ဘူး။ ကားဝယ်ပြီး စိတ်ပူနေရတာမျိုး မဖြစ်ချင်ကြဘူး။ ရေရှည်အသုံးခံချင်တယ်။ ဒါကြောင့် လေ့လာကြည့်တယ်။ အင်တာနက်ကနေလည်း တခြားနိုင်ငံမှာ အသုံးပြုတာတွေ လေ့လာကြည့်တယ်။ လေ့လာပြီးတော့မှ MG Brand သဘောကျလို့ ရွေးချယ်ဝယ်ယူထားပါတယ်။ EV နည်းပညာတွေနဲ့ ပတ်သက်ပြီးလည်း MG က ပြည်တွင်းရော ပြည်ပမှာပါ သေချာထရိန်နင်တွေ လုပ်နေကြ၊ ပြင်ဆင်နေကြတာတွေ့တော့ ကားတွေ ထိန်းသိမ်း စောင့်ရှောက်မှုအပိုင်းမှာ စိတ်ချရမယ်လို့ ထင်တယ်။

ကျွန်တော်တို့လို အသုံးပြုသူတွေ အဆင်ပြေဖို့ တစ်ဖက်က EV ကားတွေအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ Charging Station တွေကို အရင်ဆုံး မြန်မြန်ဆန်ဆန် ဆောက်လုပ်နေတဲ့ အတွက် ပိုဝမ်းသာရတာပေ့ါဗျာ။ EV ကားစီးရမှာ လူတွေကြောက်ကြတဲ့ အဓိကအချက်က အားသွင်းလို့မရမှာ၊ အခုက Charging Station အမြန်ဆုံး ပေါ်လာမှာ ဖြစ်တဲ့အတွက် စိတ်ပူစရာ မလိုတော့ဘူး။

**မယမုံဦး**
**Marketing Manager**
**N.P.K Motors | MG Myanmar**

ကျွန်မတို့ MG Myanmar အနေနဲ့က အရင်ကတည်းကလည်း Brand New အင်ဂျင်ကားတွေကို ခိုင်ခိုင်မာမာနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ Official Autho-rize Dealer အနေနဲ့ တင်သွင်းရောင်းချလာခဲ့တာမှာ မြန်မာပြည်သူ ပြည်သားတွေကြားမှာလည်း တော်တော်လေး လူကြိုက်များ အောင်မြင်ခဲ့ပါတယ်။ အခုဆိုရင်လည်း EV လျှပ်စစ်ကားတွေဆိုတာ တစ်ကမ္ဘာလုံးက အရှိန်အဟုန်နဲ့ ပြောင်းလဲလာကြတဲ့အပေါ် မြန်မာနိုင်ငံအနေနဲ့လည်း အပါအဝင်ဖြစ်ပါတယ်။ ဒီလိုအနေအထားမှာ ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်မှုနဲ့ မူဝါဒတွေအတိုင်း စနစ်တကျလိုက်နာပြီး မြန်မာနိုင်ငံနဲ့ အထူးသင့်တော်မယ့် MG EV ကားတွေကို တင်သွင်းရောင်းချဖို့ ရှိလာခဲ့တယ်။ ကျွန်မတို့ MG Myanmar ကတော့ ခိုင်မာသေချာတဲ့ Brand တစ်ခုဖြစ်တာနဲ့အညီ ကားရောင်းတယ်ဆိုတဲ့အပိုင်းမှာ ကားရောင်းတာတင်မကဘူး၊ ဝယ်သူတွေကို Service ပါ ရောင်းတာပါ။ ဒါကြောင့် စိတ်ကြိုက်လာရောက်လေ့လာကြည့်ပါ။

EV ကို သုံးစွဲကြမယ့်သူတွေကို စိတ်ပူစရာမလို အဆင်ပြေအောင် ကောင်းမွန်ပြည့်စုံတဲ့ ဝယ်ယူနိုင်မှုပုံစံတွေ၊ Aftersales Service တွေ ၊ Warranty တွေ၊ EV Fast Charging Station တွေကိုလည်း စနစ်တကျ အကုန်အကျခံ ရင်းနှီးတည်ဆောက်ပြီး ဝယ်ယူသူတွေ လက်ထဲကကို စိတ်ချမ်းချမ်းသာသာနဲ့ ဝယ်ယူနိုင်အောင် တင်သွင်းရောင်းချပေးမှာပဲ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ လက်ရှိမှာ EV သုံးစွဲကြမယ့်သူတွေ အဆင်ပြေစေဖို့ မြို့ကြီးတွေမှာ DC Fast Charging Station ကြီးတွေ ဆောက်လုပ်ပေးနေတယ်။ တင်သွင်းရောင်းချမယ့် EV Brand New ကားတွေကိုလည်း ပစ္စည်းကွာလတီ ကောင်းကောင်း ၊ သင့်တော်တဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးမယ့်အပြင် ဝယ်ယူပြီးနောက်ပိုင်း သုံးစွဲသူတွေ စိတ်ပူစရာ မရှိရစေမယ့် ခိုင်မာတာဝန်ယူမှုရှိတဲ့ Warranty တွေ ၊ Aftersales Service တွေကိုလည်း စနစ်တကျ ခိုင်ခိုင်မာမာရှိနေဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။

**ဦးသက်အောင်နိုင်(ယာဉ်မောင်းသူ)**
**နေပြည်တော်**

ကျွန်တော်က နေပြည်တော်မှာ EV Taxi မောင်းနှင်တဲ့သူ တစ်ဦးပါ။ ပထမဆုံး EV Taxi မောင်းရတဲ့ အတွေ့အကြုံကတော့ ဆီကားနဲ့စာရင် အားသာချက်များတယ်လို့ဆိုရမှာပါ။ဘာဖြစ်လို့လဲဆိုတော့ ဆီဈေးနှုန်းက မြင့်နေရင် ဆီကားမောင်းတဲ့သူအတွက်၊ စီးရတဲ့သူအတွက်က ဈေးနှုန်းက သိသာပါတယ်။ ဒီအရာတွေကို ကျော်လွှားဖို့က EV ကားတွေက အဖြေပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တစ်ဖက်က အထောက်အကူပြုတော့ စိတ်ဝင်စားမှုများတယ်။

အခုက နေပြည်တော်မှာ N.P.K Motors ကုမ္ပဏီပိုင်ကနေ အငှားမောင်းတာပါ။ DC Fast Charging Station ကြီးတွေ အလျင်အမြန် လုပ်ပေးနေတော့ သူများနိုင်ငံတွေလို ကျွန်တော်တို့ဆီမှာလည်း EV ကားတွေ တွင်ကျယ်လာမှာပါ။ တစ်ဖက်ကလည်း ကားတစ်ခုခု ချို့ယွင်းမှုရှိခဲ့ရင် Service ပေးနိုင်မယ့် လျှပ်စစ်ကားပြုပြင်ထိန်းသိမ်းရေး နေရာတွေလည်း တစ်ပြိုင်တည်းပေါ်လာရင် သုံးစွဲသူတွေအတွက် အကောင်းဆုံးဖြစ်လာမှာပါ။ နယ်မြို့တွေအထိပါ တွင်တွင်ကျယ်ကျယ်လုပ်ပေးရင် သုံးကြမယ့်သူ အများကြီးပါ။

**တွေ့ဆုံမေးမြန်း - အောင်မင်းဟန်**

# အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ IDP စခန်းများ၌ ပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များဆောင်ရွက်နေမှုနှင့် NVC ကတ်ထုတ်ပေးနေမှုတို့ကို သွားရောက်လေ့လာ

**စစ်တွေ မတ် ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) မှ ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၊ IDP စခန်းပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များဆောင်ရွက်မှုများနှင့် NVC ကတ်ထုတ်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အမျိုးသမီးများအား နည်းမျိုးစုံအကြမ်းဖက်ခြင်းမှ စောင့်ရှောက်သည့် ဂေဟာ (OSWSC) သို့ရောက်ရှိကြပြီး ဂေဟာရှိစောင့်ရှောက်ခံ အမျိုးသမီးများနှင့် ကလေးငယ်များကို အားပေးစကား ပြောကြားကာ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကလေးကစားစရာများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ မတူကွဲပြားမှုများရှိသော်လည်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့် ပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ (ဆင့်ပွား) သင်တန်းသို့ ရောက်ရှိရာ သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ သင်တန်းတွင် သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းသို့ရောက်ရှိပြီး သင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ဒေသခံတိုင်းရင်းသူများနှင့် IDP စခန်းများမှ အမျိုးသမီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ **(အပေါ်ယာပုံ)** လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ကျောက်ဖြူလေဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ကျောက်တစ်လုံး IDP စခန်းသို့ ရောက်ရှိကြကာ စခန်းခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ IDP စခန်းအတွင်းရှိ မိသားစုဝင်များနှင့် တွေ့ဆုံသည်။





တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးက IDP စခန်းပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က IDP စခန်းအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး က IDP စခန်းရှိ အိမ်ထောင်စု ၃၇၅ စုအတွက် Family Kit များကို ထောက်ပံ့ပေးအပ်ရာ IDP စခန်း စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများနှင့် IDP စခန်းရှိ မိသားစုများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က IDP စခန်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ IDP စခန်း မူလတန်းလွန်ကုလားပိုက်ဆိပ်ကျောင်း တာဝန်ခံနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး က IDP စခန်းအသစ် ပြန်လည်နေရာချထားမည့်နေရာတွင် နေအိမ်မရရှိသေးသည့် အိမ်ထောင်စု ခုနစ်စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅ သိန်း နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၀၅ သိန်းကို ပေးအပ်လှူဒါန်းရာ မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ က IDP စခန်းရှိ ဆေးပေးခန်းအတွက် ဆေးရုံသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ အုန်းတောကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်တစ်လုံး IDP စခန်းမှ ထွက်ခွာလာကြရာ ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ရုံတာဝန်ရှိသူတစ်ဦးက ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်း အဆောက်အဦ ပုံစံငယ်အား ရှင်းလင်းပြသပြီး **(ဝဲပုံ)** စက်ရုံဝင်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ သက္ကေပြင် IDP စခန်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ထုတ်ပေးနေမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သက္ကေပြင် IDP စခန်းမှ ထွက်ခွာလာကြပြီး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ်ဆိပ်ကမ်းအရာရှိချုပ် ဦးနေဦးက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဆိပ်ကမ်းအား လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် မျက်စိအခမဲ့စမ်းသပ်စစ်ဆေးကုသ

**နေပြည်တော် မတ် ၉**

မတ်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော်၌ ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ၏ အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် မတ် ၇ ရက်တွင် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး၊ မျက်စိ အထူးကုဆရာဝန်ကြီးနှင့် သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ ပါဝင်သောအဖွဲ့က ရတနာမာန်အောင်သီလရှင်စာသင်တိုက်၌ အခြေပြု၍ လည်းကောင်း၊ မုံရွာမြို့တွင် ပြည်သူ့ဆေးရုံကြီး မုံရွာမြို့၌ လည်းကောင်း မျက်စိအခမဲ့စမ်းသပ် စစ်ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ပြီး မျက်စဉ်းနှင့် ဆေးဝါးများ၊ မျက်မှန်လိုအပ်သူများအတွက် မျက်မှန်များ အခမဲ့ ထောက်ပံ့ပေးသည်။

အလားတူ နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအောက်ရှိ ကျန်းမာရေးဝန်ထမ်းများက ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်ရှိအခြေခံပညာကျောင်းရှစ်ကျောင်း၌ ကျောင်းသား ကျောင်းသူများကို အခမဲ့မျက်စိရောဂါ စမ်းသပ်စစ်ဆေးကုသမှုများကို ဖေဖော်ဝါရီ ၆ ရက်မှ ၂၄ ရက်အတွင်း ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၁၆၆၀ ကို စမ်းသပ်စစ်ဆေးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လိုအပ်သူများအတွက် မျက်မှန်များ ထောက်ပံ့ပေးခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မကြာမီကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုများအဖြစ် မျက်စိအခမဲ့စမ်းသပ်စစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မြန်မာနိုင်ငံနေရာအနှံ့အပြား၌ Satellite Activity အဖြစ် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင် မျက်စိရောဂါအထူးကု ဆေးရုံကြီး - ရန်ကုန်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့က တွံတေးမြို့နယ်နှင့် မှော်ဘီမြို့နယ်များသို့ ကွင်းဆင်း၍ လည်းကောင်း၊ မန္တလေးတွင် ခရိုင်ပြည်သူ့ဆေးရုံ၊ ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ရမည်းသင်း၊ နည်းပညာ တက္ကသိုလ်သို့လည်းကောင်း၊ ဘားအံမြို့၊ စစ်ကိုင်းမြို့၊ ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံကြီးများ၌လည်းကောင်း ဆောင်ရွက်ပြီးဖြစ်ပြီး လူဦးရေစုစုပေါင်း ၃၁၃၃ ဦးကို မျက်စိကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရေချွေတာရေး နည်းလမ်းများ

- ❖ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖွင့်ထားပြီး မဆေးကြောပါနှင့်။
- ❖ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖြည့်ထားသော ဇလုံတစ်ခုထဲတွင် ဆေးကြောပါ။
- ❖ ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။
- ❖ ရေကိုမြန်မြန်ချိုးပြီး၊ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ပိုက်ခေါင်း ပိတ်ထားပါ။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၂၃၉/ ၂၀၂၃)**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ဥပဒေ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) **လေယာဉ်မှူး (Commander)** ဆိုသည်မှာ လေယာဉ်ပျံသန်းချိန်တွင် ဘေးကင်းရေးနှင့် လေယာဉ်ပျံသန်းရာတွင် ကွပ်ကဲမောင်းနှင်ရေးတို့အတွက် တာဝန်ပေးခြင်းခံရသည့် လေယာဉ်မှူးကြီး သို့မဟုတ် တွဲဖက်လေယာဉ်မှူးကိုသော်လည်းကောင်း၊ ထိုသူ မဆောင်ရွက်နိုင်လျှင် လေယာဉ်ကို ကွပ်ကဲမောင်းနှင်သည့် လေယာဉ်မောင်းသူ (Pilot) ကိုသော်လည်းကောင်း ဆိုသည်။

(ဂ) **ကောင်စစ်ဝန်** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံက ခန့်အပ်တာဝန်ပေးထားသည့် ကောင်စစ်ဝန် ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စစ်ဝန်ချုပ်လည်း ပါဝင်သည်။

(ဃ) **တိုကျိုကွန်ဗင်းရှင်း (Tokyo Convention)** ဆိုသည်မှာ ၁၉၆၃ ခုနှစ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည့် လေယာဉ်ပေါ်တွင် ကျူးလွန်သောပြစ်မှုများနှင့် အခြားပြုလုပ်မှုများဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(င) **လေယာဉ်ပျံသန်းချိန်** ဆိုရာတွင် အောက်ပါကာလတစ်ခုခုပါဝင်သည် –

(၁) လေယာဉ်ထွက်ခွာရန် လေယာဉ်တံခါး ပိတ်လိုက်သည့်အချိန်မှစ၍ လေယာဉ်လှုပ်ရှားမှု သို့မဟုတ် ပျံသန်းမှုပြုပြီးနောက် ခရီးသည်များဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ၊

(၂) လေယာဉ်တံခါးပိတ်ပြီးနောက် လေယာဉ်မှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများအား ဘေးအန္တရာယ်ကျရောက်နိုင်သဖြင့် လေယာဉ်ပေါ်မှ ဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ သို့မဟုတ် လေယာဉ်ကို အဓမ္မဆင်းသက်ခိုင်းသည့်ကိစ္စတွင် လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများကို လေယာဉ်မှူးက ရဲအရာရှိ သို့မဟုတ် အခွင့်အာဏာပိုင်တို့ထံ လွှဲပြောင်းပေးသည့် အချိန်မတိုင်မီအထိကာလ၊

(၃) အကြောင်းတစ်စုံတစ်ရာကြောင့် နိုင်ငံတစ်ခုခု၏ပိုင်နက်တွင်မရှိသည့် ပင်လယ်ရေပြင်ပေါ်တွင်ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ ဆင်းသက်နေရသည့်အချိန်ကာလ။

(စ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်လက်ခံထားသော အကြမ်းဖက်မှုဆိုင်ရာ ကွန်ဗင်းရှင်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုခုကို ဆိုသည်။

(ဆ) **အကြမ်းဖက်အုပ်စုဝင်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်အုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဇ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများအား စုံစမ်းထောက်လှမ်းဖော်ထုတ်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရဖွဲ့စည်းသည့် အဖွဲ့ကို ဆိုသည်။

(ဈ) **ကြားဖြတ်ဖမ်းယူခြင်း** ဆိုသည်မှာ သူတစ်ဦးဦးက ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အီလက်ထရောနစ် သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍ နှုတ်ဖြင့် ဆက်သွယ်ပြောကြားခြင်း၊ အခြားတစ်နည်းနည်းဖြင့် သတင်းအချက်အလက် ပေးပို့ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်းကို ကြားမှဖြတ်၍ ယူခြင်း သို့မဟုတ် နားထောင်ခြင်းကို ဆိုသည်။

(ည) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းကော်မတီ တစ်ခုခုကို ဆိုသည်။

(ဋ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဌ) **သံတမန်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဧ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်ဆိုသည့် စကားရပ်တွင်ပါဝင်သည့် သံတမန်အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည် –

(၁) သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအပိုဒ် ၁ ပါ သံတမန်အဖွဲ့ဝင်များ (Members of the mission)နှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင် ပါဝင်သူများ (Members of the staff of the mission)၊

(၂) ယင်းကွန်ဗင်းရှင်းအပိုဒ် ၄၀ ပါ နိုင်ငံတော်သို့ တတိယနိုင်ငံအဖြစ် ဝင်ရောက်ဖြတ်သန်းသည့် တော်ဝင်နိုင်ငံကူးလက်မှတ်၊ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် သံတမန်ကိုယ်စားလှယ်များ။

(ဍ) **ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့** ဆိုသည်မှာ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့ကို ဆိုသည်။

(ဎ) **ဗဟိုအဖွဲ့ရုံး** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့်ရုံးကို ဆိုသည်။

(ဏ) **ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများ** ဆိုသည်မှာ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသည့် အုပ်စု သို့မဟုတ် အဖွဲ့အစည်းတွင် တစ်နည်းနည်းဖြင့် ပါဝင်လှုပ်ရှားခြင်း၊ ဆက်သွယ်ပေါင်းစည်းခြင်းပြုသည့် အဖွဲ့အစည်းနှင့် တာဝန်ယူ၍ ဆောင်ရွက်သည့် တာဝန်ခံများကို ဆိုသည်။

**အခန်း (၂)**
**လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း**

၃။ ဗဟိုအဖွဲ့သည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတစ်ဦးဦးက ဦးဆောင်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည် –

(၁) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၂) အမျိုးသားဖြို့ပြုလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ၊

(၃) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၄) ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၅) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၆) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊

(၇) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းမှ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းရမည်–

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၂) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၊

(၃) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့၊

(၄) အကြမ်းဖက်ခံရသူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊

(၅) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၊

(၆) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ) တို့အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ (က) ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် လိုအပ်သော အခြားလုပ်ငန်းတာဝန်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) နည်းဥပဒေ ၃ အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် နည်းဥပဒေခွဲ (က)အရ သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၃)**
**အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ကိုယ်တိုင်ရရှိသော ခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့၏ တင်ပြချက်အရဖြစ်စေ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်းအဖြစ် အမည်စာရင်း တင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(က)ဖြင့်ဖြစ်စေ၊ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်း တင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(ခ) ဖြင့်ဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို ပုံစံ(ဂ)ဖြင့်ဖြစ်စေ ပူးတွဲပြီး ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အောက်ပါသတင်းအချက်အလက်နှင့် အထောက်အထားများ ဖော်ပြ၍ ဗဟိုအဖွဲ့သို့ တင်ပြရမည်–

(က) အကြမ်းဖက်မှုကျူးလွန်သည့်ဖြစ်စဉ်အကျဉ်းချုပ်နှင့် ကျူးလွန်သည့်ပြစ်မှု၏ ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများ၊

(ဂ) ဖော်ထုတ်ရရှိသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအမည်၊ အကြမ်းဖက်အုပ်စုဝင်အသီးသီး၏ အမည်နှင့် နေရပ်လိပ်စာများ၊ ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် အမှတ်နှင့် အီးမေးလ်လိပ်စာ(သိရှိလျှင်)၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကိုယ်ရေးရာဇဝင်၊

(င) အကြမ်းဖက်မှုနှင့် ဆက်နွှယ်သော ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု (ရှိလျှင်)၊

(စ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာရန် လိုအပ်သည့် အကြောင်းရင်း၊

(ဆ) သတ်မှတ်ကြေညာရန်လိုအပ်သည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေးနှင့် ပစ္စည်းများတည်ရှိသည့်နေရာနှင့် အသေးစိတ်အထောက်အထားများ(ရှိလျှင်)၊

(ဇ) အကြမ်းဖက်မှုကို အားပေးကူညီမှု၊ ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊

(ဈ) တွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်။

၆။ ပြည်ပနိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံတွင် အကြမ်းဖက်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ပြီးနောက် နိုင်ငံတော်အတွင်းရောက်ရှိနေသော အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအမည် သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို မြန်မာနိုင်ငံတွင် ထုတ်ပြန်ကြေညာပေးစေလိုပါက သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ ပါ သတင်းအချက်အလက်နှင့် အထောက်အထားများအပြင် အောက်ပါတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ယင်းဘာသာနှစ်ရပ်လုံးဖြင့်ဖြစ်စေဖော်ပြ၍ သံတမန်လမ်းကြောင်းအတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုအဖွဲ့သို့လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံဖြစ်ပါက ဗဟိုအဖွဲ့ရုံးသို့လည်းကောင်း ပေးပို့တောင်းဆိုနိုင်သည်-

(က) ပြည်ပနိုင်ငံတွင် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားမှု အခြေအနေ၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ထားမှုအခြေအနေ၊

(ဂ) တောင်းဆိုသည့်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ။

၇။ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်ကို လက်ခံရရှိပါက တောင်းဆိုစာနှင့်အတူ ပူးတွဲပေးပို့သည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ဗဟိုအဖွဲ့သို့ ချက်ချင်းအကြောင်းကြား၍ ပေးပို့ရမည်။

၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်ရာပြည်ပနိုင်ငံကို ခြေကုပ်စခန်းအဖြစ် အသုံးပြု၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်းသို့ ဝင်ရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်း အမည်စာရင်းကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စု အမည်စာရင်းကိုဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကိုဖြစ်စေ သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်က ကြေညာချက်ထုတ်ပြန်ပေးရန် တောင်းဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ နှင့် ၆ တို့ပါ သတင်းအချက်အလက်နှင့် အထောက်အထားများဖော်ပြပြီး ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း၊ သံတမန်လမ်းကြောင်းအရ ပေးပို့နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့သော်လည်းကောင်း ပေးပို့ရမည်။

၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိသော သူတစ်ဦးချင်းကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်၍ ကြေညာကြောင်းသိရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် ယင်းဆုံးဖြတ်ချက်ကို ဗဟိုအဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၁၀။ ဗဟိုအဖွဲ့သည် -

(က) ကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားသည့် နိုင်ငံတော်အတွင်းရှိသော သူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း၊ အသင်းအဖွဲ့နှင့် အုပ်စုတစ်ခုခုမှာ အကြမ်းဖက်မှုကျူးလွန်သည့်အတွက် နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိပါက ထိုသို့သတ်မှတ်ကြေညာထားသူ တစ်ဦးချင်းနှင့် အုပ်စုတို့ကို အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို သတင်းစာ၊ ဂျာနယ်စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား အပါအဝင် သတင်းမီဒီယာတို့မှ အများပြည်သူသိရှိရန် အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့် အကြမ်းဖက်အုပ်စုများကိုလည်းကောင်း၊ ယင်းတို့ကိုအားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေးထောက်ပံ့သော ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများကိုလည်းကောင်း လိုအပ်သလို အရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

၁၁။ ဗဟိုအဖွဲ့သည်-

(က) နည်းဥပဒေ ၅ အရ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ တင်ပြချက်ကိုဖြစ်စေ၊ နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်ခုခု၏ တောင်းဆိုချက်ကိုဖြစ်စေ စိစစ်ပြီး ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ကြောင်းတွေ့ရှိရပြီး နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိသဖြင့် တားဆီးနှိမ်နင်းပြီး အရေးယူရန် ပေါ်ပေါက်သည့်အခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ၁၉၉၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇၊ ၂၀၀၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၃၆၈၊ အမှတ် ၁၃၇၃ နှင့် အမှတ် ၁၃၇၇၊ ၂၀၀၃ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၅၁၆၊ ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၉၈၉၊ ၂၀၁၅ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၂၅၃၊ ၂၀၁၇ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၃၄၇၊ အမှတ် ၂၃၆၈ နှင့် အမှတ် ၂၃၉၆၊ ၂၀၁၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၄၆၂ နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆက်စပ်သော ဆုံးဖြတ်ချက်များနှင့်အညီ အကြမ်းဖက်မှုများအား ထိရောက်စွာတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကြေညာချက်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို အများပြည်သူသိရှိရန် သတင်းစာ၊ ဂျာနယ် စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား အပါအဝင် သတင်းမီဒီယာတို့မှ အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate–CTED) သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရသော်လည်းကောင်း၊ ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း ပေးပို့နိုင်ရန် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့် အကြမ်းဖက်အုပ်စုများကို အားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေး ထောက်ပံ့သူများမှာ ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွှယ်ပတ်သက်မှုများရှိပါက ထိုသူများနှင့် အဖွဲ့အစည်းများကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

(ဃ) မိမိနိုင်ငံမှထုတ်ပြန်ကြေညာထားသည့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး အဖွဲ့အစည်းများထံသို့ အချက်အလက်ပေးပို့ရမည်ဖြစ်ပြီး ဖြစ်နိုင်သမျှ အရေးယူရမည်။

၁၂။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က) အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ပြီးနောက် ဗဟိုအဖွဲ့၏အကြောင်းကြားချက်အရ အဆိုပါ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား အရေးယူပိတ်ဆို့မှုဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး(Counter Terrorism Committee Executive Directorate–CTED) သို့ ကနဦးအကြောင်းကြားရမည်။ ထို့နောက် အရေးယူသည့်စာရင်း (Sanction List) သို့ တရားဝင်ထည့်သွင်းနိုင်ရန် လိုအပ်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး(CTED)၏ သတ်မှတ်ချက်များနှင့်အညီ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (CTED)သို့ ပေးပို့အကြောင်းကြားရမည်။

၁၃။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတော်အတွင်းရှိသော သူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း သတ်မှတ်ကြေညာထားပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ အကြမ်းဖက်သမား၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်မှ ပြန်လည်ရုပ်သိမ်းသည့်အခါ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ပါက နည်းဥပဒေ ၁၀ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာထားချက်ကို ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၄။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၁၁ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက အကြမ်းဖက်လုပ်ရပ်များကို မည်သည့်အခါမျှ ပြုလုပ်ခြင်းမရှိသဖြင့် သို့မဟုတ် ယခင်က ပြုလုပ်မိခဲ့သော်လည်း ဆက်လက်၍ ပြုလုပ်တော့ခြင်းမရှိသဖြင့် ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအဖြစ် ဗဟိုအဖွဲ့က ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက ထိုသို့ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြချက်အပေါ် ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း၍ တင်ပြချက်ကို စိစစ်သုံးသပ်ပြီး ပြန်လည်ရုပ်သိမ်းသင့် မသင့် သဘောထားမှတ်ချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရဖြစ်စေ၊ ဗဟိုအဖွဲ့ရုံးမှတစ်ဆင့်ဖြစ်စေ ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate –CTED) သို့ တင်ပြရမည်။

၁၅။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းနှင့် ပတ်သက်၍ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး-

(က) ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေ ရှိ မရှိနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာ ရှိ မရှိတို့ကို စုံစမ်းထောက်လှမ်းပြီး တင်ပြစေရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

(ခ) အကြမ်းဖက်မှုများ တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း တင်ပြချက်အရ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် အဖွဲ့အစည်းတို့မှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ကြောင်းနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာမရှိကြောင်း တွေ့ရှိသည့်အခါ ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း(၄)
## အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ခြင်း

၁၆။ ဗဟိုအဖွဲ့သည် –

(က) နည်းဥပဒေ ၁၀ နှင့် ၁၁ တို့အရ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်းနှင့် အသွင်ပြောင်းလဲခြင်းတို့ မပြုလုပ်နိုင်ရန် ထိန်းချုပ်မိန့် ထုတ်ပြန်ရမည်။ ထို့ပြင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှ မပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ရမည်။

(ခ) ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအား ထိရောက်စွာ တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေး၊ အရေးယူရေးနှင့် ၎င်းတို့ပိုင် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သိမ်းဆည်းရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

၁၇။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်လာသည့်အခါ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ ရှာဖွေဖော်ထုတ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်းတို့ပြုရန် သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ရမည်။

၁၈။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း ကိစ္စရပ်အတွက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)
## မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း

၁၉။ တိုကျိုကွန်ဗင်းရှင်းအပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ သူတစ်ဦးဦးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုနှင့်စပ်လျဉ်း၍ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြစ်မှုတစ်ခုခုကို တမင်ကျူးလွန်လျှင် ဥပဒေအရ ပြစ်မှုမြောက်သည်။

၂၀။ (က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇ ပါ လေယာဉ်ပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှုများကို ယင်းဥပဒေပုဒ်မ ၆၀ ပါ တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးသည့်ကိစ္စနှင့်ပြစ်မှုများတွင် အပြန်အလှန်အကူအညီပေးရန်ကိစ္စများတွင် နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့် ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဖြစ်သည်ဟု မှတ်ယူခြင်း၊ ငြင်းပယ်ခြင်း မပြုရ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုတစ်ခုခုသည်–

(၁) စစ်ရေးကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ အကောက်ခွန်ကောက်ခံရန်ကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ လုံခြုံရေးနှင့် ရဲလုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ ကျူးလွန်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ယင်းလေယာဉ်တစ်စီးစီးက ဖော်ပြပါကိစ္စအတွက်မဟုတ်ဘဲ အကြမ်းဖက်မှုအတွက် အသုံးပြုခြင်းသော်လည်းကောင်း၊ ပြည်သူများအား သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုပေးချိန်တွင် ကျူးလွန်ခြင်းသော်လည်းကောင်းဖြစ်ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(၂) နိုင်ငံတော်တွင် တည်ဆဲလေယာဉ်အက်ဥပဒေအရ မှတ်ပုံတင်ထားသော လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်းဖြစ်ပါက မည်သည့်နေရာတွင်ရှိစေကာမူ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ ထိုပြစ်မှုကျူးလွန်သူကို စီရင်ပိုင်ခွင့်ရှိစေရမည်။

၂၁။ နိုင်ငံတော်၏ လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသည့် လေယာဉ် သို့မဟုတ် နိုင်ငံတော်၏ လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏ လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်နှင့် လေယာဉ်ပျံသန်းချိန်တို့တွင် လေယာဉ်ကိုဖြစ်စေ၊ လေယာဉ်ပေါ်ရှိ လူနှင့်ပစ္စည်းများကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ထင်မြင်သည့်အခါ သို့မဟုတ် လေယာဉ်ပေါ်တွင် စည်းကမ်းတကျရှိမှုကို ပျက်ပြားစေသည့်အခါတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် စည်းကမ်းတကျရှိစေရန်အလို့ငှာ ကျူးလွန်သူကို လေယာဉ်ပေါ်မှ ဆင်းစေခြင်း သို့မဟုတ် ကိုယ်တိုင်ရှာဖွေဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ရှာဖွေဖမ်းဆီးထိန်းသိမ်းစေရန် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို အကူအညီတောင်းခံခြင်း ပြုနိုင်သည်။

၂၂။ လေယာဉ်အမှုထမ်းများသည် နည်းဥပဒေ ၂၁ ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အတွက် လေယာဉ်မှူးက အကူအညီတောင်းခံသည့်အခါဖြစ်စေ၊ ကိုယ်တိုင်တွေ့မြင်သိရှိသည့်အခါဖြစ်စေ ထိုသို့ကျူးလွန်သူကို ရှာဖွေဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုနိုင်သည်။

၂၃။ လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်းတို့သည် နည်းဥပဒေ ၂၁ နှင့်၂၂ တို့အရ ဆောင်ရွက်ရာတွင် ကျူးလွန်သူမှာ အမျိုးသမီးဖြစ်ပါက ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းတို့ပြုရာတွင် ဖြစ်နိုင်သမျှ အမျိုးသမီးများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်သည်။

၂၄။ (က) လေယာဉ်မှူးသည်–

(၁) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ ဖမ်းဆီးထိန်းသိမ်းထားသူများကို နိုင်ငံတော်တွင် လေယာဉ်ဆင်းသက်သည့်အခါ သက်ဆိုင်ရာရဲအရာရှိထံသို့ဖြစ်စေ၊ လူဝင်မှုကြီးကြပ်ရေးအရာရှိထံသို့ဖြစ်စေ လွှဲအပ်နိုင်သည်။ အကယ်၍ စာချုပ်ဝင်နိုင်ငံ တစ်ခုခုတွင် လေယာဉ်ဆင်းသက်ခြင်းဖြစ်လျှင် ထိုနိုင်ငံ၏ ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တာဝန်ထမ်းဆောင်သော အရာရှိထံသို့ လွှဲအပ်နိုင်သည်။

(၂) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သည့်ကိစ္စနှင့် အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ လေယာဉ်ကိုအပိုင်စီးသည့် အခြေအနေကိုလည်းကောင်း လေယာဉ်မဆင်းသက်မီ သက်ဆိုင်ရာနိုင်ငံ၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံ ဖြစ်နိုင်သမျှ ချက်ချင်းအကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ် (၁)အရ လွှဲအပ်၍လက်ခံရရှိသော ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိတာဝန်ထမ်းဆောင်သော အရာရှိသည် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကျူးလွန်သူကို လေယာဉ်မှ ထွက်ခွာခိုင်းသည့်ကိစ္စတွင် ထိုသူနှင့် သက်ဆိုင်သည့် နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ဖြစ်စေ၊ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့ဖြစ်စေ အကြောင်းကြားနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

၂၅။ (က) ပြည်ပနိုင်ငံ တစ်ခုခုတွင်ရှိသော နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့သည် နိုင်ငံတော်တွင် မှတ်ပုံတင်ထားသော မြို့ပြလေကြောင်းပျံသန်းရေးလေယာဉ်နှင့် စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများ ဖြစ်ပွားကြောင်းရရှိသည့် အောက်ဖော်ပြပါ သတင်းအချက်အလက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ချက်ချင်းသတင်းပို့ရမည် –

(၁) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(၂) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စု ကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(၃) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(က) အရ ရရှိသည့်သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၂၆။ နိုင်ငံတော်အတွင်းရှိ လေဆိပ်တစ်ခုခု၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည် –

(က) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(ခ) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(ဂ) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

၂၇။ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ရရှိသောသတင်းအချက်အလက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၂၈။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည်–

(က) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသည့် ၁၉၄၄ ခုနှစ်၊ ချီကာဂိုကွန်ဗင်းရှင်း၏ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ အမှတ် ၁၇ (ICAO Annex 17: Security– Safeguarding International Civil Aviation Against Acts of Unlawful Interference) ပြဋ္ဌာန်းချက်တို့နှင့်အညီ မြို့ပြလေကြောင်းနှင့် လေဆိပ်များ လုံခြုံရေးဆိုင်ရာ အစီအစဉ်များကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာနောက်ဆက်တွဲအမှတ် ၁၇ ပြဋ္ဌာန်းချက်တို့နှင့် အညီ အောက်ဖော်ပြပါ မြို့ပြလေကြောင်းလုံခြုံရေးအစီအစဉ်များကို ရေးဆွဲတင်ပြစေရန်နှင့် ထိုအစီအစဉ်များတွင် ဥပဒေမဲ့အဖျက်အမှောင့်ပြုလုပ်မှုများအား ကြိုတင်ကာကွယ်ခြင်း၊ ပြုလုပ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်း စသည့်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (Standard Operating Procedure–SOP) နှင့်အညီ သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်စေရေးနှင့် အနီးကပ်ကြီးကြပ်ရေးတို့အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား တာဝန်ပေးရမည် –

(၁) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေး အစီအစဉ်၊

(၂) အမျိုးသားမြို့ပြလေကြောင်းအရည်အသွေးထိန်းချုပ်မှု အစီအစဉ်၊

(၃) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလေ့ကျင့်မှု အစီအစဉ်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ရေးဆွဲချမှတ်ထားသော မြို့ပြလေကြောင်းနှင့် လေဆိပ်များ လုံခြုံရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လေကြောင်းလိုင်းပိုင်ရှင်များ၊ လေဆိပ်နှင့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အော်ပရေတာများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေသူများ၊ လေဆိပ်အာဏာပိုင်များ၊ လေဆိပ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်းကောင်း၊ လိုအပ်ပါက တပ်မတော်တပ်ဖွဲ့ဝင်များကိုလည်းကောင်း တာဝန်ပေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ICRC မှ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် အာရှ – ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် The International Committee of the Red Cross (ICRC) မှ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး (Director of Operations) Mr. Martin Schuepp၊ အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Christine Cipolla၊ ICRC Resident Representative , Ms. Elean Ajmone Sessera ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC မှ လက်ရှိ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား အမှန်တကယ်အကူအညီ လိုအပ်သည့်သူများထံသို့ ရောက်ရှိစေရေး ကိစ္စရပ်များ၊ ICRC ၏ ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာငွေ ထုတ်ယူသုံးစွဲမှုကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန) နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# (၇၈) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



**နေပြည်တော် မတ် ၉**

(၇၈) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက (၇၈) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ ကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များမှ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ရှင်းလင်းတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန့် (၁၉) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန့်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၉) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ တက်ရောက်သည်။




အဆိုပါ အစည်းအဝေးတွင် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်)ဝီနိုင်း (H.E. Mr. Don Pramudwinai) က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အခြားဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်) ဝီနိုင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန့်က ယခုကဲ့သို့ အရေးပါသည့် အစည်းအဝေးကို ကျင်းပနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့တွင် ဘင်းမ်စတက်ဗန်ကောက် ရည်မှန်းချက် (၂၀၃၀) နှင့် ဘင်းမ်စတက်ယန္တရားအသီးသီးအတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို အောင်မြင်စွာ အတည်ပြုနိုင်တော့မည်ဖြစ်ရာ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အကောင်းမွန်ဆုံး ထမ်းဆောင်လျက်ရှိသည့် ထိုင်းနိုင်ငံကို ဂုဏ်ပြုပါကြောင်း၊ ဘင်းမ်စတက်အနာဂတ် ဦးတည်ချက်များဆိုင်ရာ ဘင်းမ်စတက် ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့အတွက် စည်းမျဉ်းစည်းကမ်းများနှင့် ဘင်းမ်စတက်၏ ပင်မယန္တရားများ၊ ကဏ္ဍအလိုက်ယန္တရားများနှင့် ပြင်ပဆက်ဆံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အပြီးသတ် ရေးဆွဲနိုင်ခဲ့ခြင်းတို့အတွက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများနှင့် ဘင်းမ်စတက်အမြဲတမ်းလုပ်ငန်းကော်မတီတို့၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုပါကြောင်း ထည့်သွင်းပြောကြားသည်။

အလားတူ ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံက ဘင်းမ်စတက်အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းလျက် ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် (၂၀၂၃ – ၂၀၂၇) ပြုစုရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါလုပ်ငန်းစီမံချက်ကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ဘင်းမ်စတက်စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့မှုအပေါ် ကြိုဆိုပါကြောင်း၊ ဘင်းမ်စတက်ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်စေရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံက ဦးဆောင်ကျင်းပခဲ့သည့် "ဘင်းမ်စတက်စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာစနစ်များဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲ" ကို အဖွဲ့ဝင်နိုင်ငံအားလုံး၏ ပါဝင်တက်ရောက်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်းကိုလည်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဘင်းမ်စတက် မူဘောင်အောက်ရှိ ကတိကဝတ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် လိုအပ်သကဲ့သို့ ဘင်းမ်စတက်ပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အခြေခံမူများကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံးက အလေးထားလိုက်နာကျင့်သုံးရန် အရေးကြီးမှုကိုလည်း ထပ်လောင်းပြောကြားသည်။

အစည်းအဝေးတွင် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက မတ် ၈ ရက်တွင် ထိုင်းနိုင်ငံက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် (၂၃) ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။ ဝန်ကြီးများသည် ဘင်းမ်စတက် ဗန်ကောက်ရည်မှန်းချက် (၂၀၃၀)၊ ဘင်းမ်စတက် ယန္တရားအသီးသီးအတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများ၊ ဘင်းမ်စတက်အနာဂတ် ဦးတည်ချက်များဆိုင်ရာ ဘင်းမ်စတက် ထင်ပေါ်ကျော်ကြား ပညာရှင်များအဖွဲ့အတွက် စည်းမျဉ်းစည်းကမ်းများ၊ ပြန်လည်ဖွဲ့စည်းထားသည့် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် ကဏ္ဍခွဲများအောက်တွင် ပင်လယ်ပြင်အခြေပြုစီးပွားရေး၊ တောင်တန်းဒေသ အခြေပြုစီးပွားရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍများ ထည့်သွင်းဖွဲ့စည်းရေးတို့ အပါအဝင် ဘင်းမ်စတက်သဘောတူညီချက်များနှင့် အခြားအရေးကြီး စာရွက်စာတမ်းများကို အတည်ပြု၊ ထောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင်ဝန်ကြီးများသည် (၁၉) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်ကို အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒဖြင့် အတည်ပြုနိုင်ခဲ့သည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး



နေပြည်တော် မတ် ၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များအတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာန၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ စာစစ်ဌာန၊ အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများ သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု အားပေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာစစ်ဌာန စုစုပေါင်း ၃၉ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၇၁၁၈ ဦး စာရင်းပေးသွင်းထားပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၂၃ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၂၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦးရှိ

နေပြည်တော် မတ် ၉

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၄၃ ဦး ရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း အနေဖြင့် ၈၉ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

အခြေခံပညာဦးစီးဌာန

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-အင်္ဂလိပ်စာ ရက်စွဲ၊ ၉ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေ အတွက် | မြို့နယ် အရေ အတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၄၀၈ | ၈၉၁၉ | ၁၀၃၂၇ | ၁၃၆၄ | ၈၁၆၅ | ၉၅၂၉ | ၄၄ | ၇၅၄ | ၇၉၈ | ၉၂.၂၇% | ၇.၇၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅၉ | ၇၃၆ | ၉၉၅ | ၂၅၁ | ၆၇၀ | ၉၂၁ | ၈ | ၆၆ | ၇၄ | ၉၂.၅၆% | ၇.၄၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၆၇၈ | ၂၁၇၃ | ၂၈၅၁ | ၆၂၁ | ၁၉၁၉ | ၂၅၄၀ | ၅၇ | ၂၅၄ | ၃၁၁ | ၈၉.၀၉% | ၁၀.၉၁% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၆၅၁ | ၂၈၁၀ | ၃၄၆၁ | ၅၈၀ | ၂၂၃၈ | ၂၈၁၈ | ၇၁ | ၅၇၂ | ၆၄၃ | ၈၁.၄၂% | ၁၈.၅၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၆၆၄ | ၉၈၀၂ | ၁၁၄၆၆ | ၁၅၆၇ | ၈၃၆၄ | ၉၉၃၁ | ၉၇ | ၁၄၃၈ | ၁၅၃၅ | ၈၆.၆၁% | ၁၃.၃၉% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၁၁၀၀ | ၃၂၀၃ | ၄၃၀၃ | ၁၀၄၂ | ၂၈၆၃ | ၃၉၀၅ | ၅၈ | ၃၄၀ | ၃၉၈ | ၉၀.၇၅% | ၉.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၂၇၃ | ၅၇၀၈ | ၆၉၈၁ | ၁၂၂၆ | ၅၀၉၃ | ၆၃၁၉ | ၄၇ | ၆၁၅ | ၆၆၂ | ၉၀.၅၂% | ၉.၄၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၂၀၉ | ၅၄၄၀ | ၆၆၄၉ | ၁၁၆၃ | ၄၉၀၆ | ၆၀၆၉ | ၄၆ | ၅၃၄ | ၅၈၀ | ၉၁.၂၈% | ၈.၇၂% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၇၇၆ | ၁၂၈၈၃ | ၁၃၆၅၉ | ၇၅၉ | ၁၁၆၅၆ | ၁၂၄၁၅ | ၁၇ | ၁၂၂၇ | ၁၂၄၄ | ၉၀.၈၉% | ၉.၁၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၉၄၈ | ၂၀၀၆၄ | ၂၄၀၁၂ | ၃၈၄၃ | ၁၈၂၀၂ | ၂၂၀၄၅ | ၁၀၅ | ၁၈၆၂ | ၁၉၆၇ | ၉၁.၈၁% | ၈.၁၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၅၇၇ | ၄၆၄၃ | ၆၂၂၀ | ၁၄၉၃ | ၄၂၇၅ | ၅၇၆၈ | ၈၄ | ၃၆၈ | ၄၅၂ | ၉၂.၇၃% | ၇.၂၇% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၄၀၈ | ၁၈၈၈၂ | ၁၉၂၉၀ | ၃၉၁ | ၁၆၄၇၆ | ၁၆၈၆၇ | ၁၇ | ၂၄၀၆ | ၂၄၂၃ | ၈၇.၄၄% | ၁၂.၅၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၁၈၉၆ | ၂၄၉၁၈ | ၂၆၈၁၄ | ၁၈၆၂ | ၂၁၉၁၃ | ၂၃၇၇၅ | ၃၄ | ၃၀၀၅ | ၃၀၃၉ | ၈၈.၆၇% | ၁၁.၃၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၈၉၇ | ၆၇၀၈ | ၈၆၀၅ | ၁၈၄၃ | ၅၉၇၄ | ၇၈၁၇ | ၅၄ | ၇၃၄ | ၇၈၈ | ၉၀.၈၄% | ၉.၁၆% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၁၀၂၁ | ၂၆၂၄ | ၃၆၄၅ | ၉၆၆ | ၂၃၆၃ | ၃၃၀၉ | ၅၅ | ၂၈၁ | ၃၃၆ | ၉၀.၇၈% | ၉.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၅၅ | ၁၁၆၆ | ၁၃၂၁ | ၁၄၉ | ၁၀၀၂ | ၁၁၆၁ | ၆ | ၁၅၄ | ၁၆၀ | ၈၇.၈၉% | ၁၂.၁၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၇၈၀၆ | ၁၄၃၀၉ | ၂၂၁၁၅ | ၇၃၇၂ | ၁၂၆၈၆ | ၂၀၀၅၈ | ၄၃၄ | ၁၆၂၃ | ၂၀၅၇ | ၉၀.၇၀% | ၉.၃၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၆၉၁၆ | ၇၁၁၈ | ၂၀၀ | ၆၂၂၃ | ၆၄၂၃ | ၂ | ၆၉၃ | ၆၉၅ | ၉၀.၂၄% | ၉.၇၆% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၁၁ | ၁၁ | | ၁၁ | ၁၁ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၆၃ | ၂၇၉၂၈ | ၁၅၁၉၁၅ | ၁၇၉၈၄၃ | ၂၆၆၉၂ | ၁၃၄၉၈၉ | ၁၆၁၆၈၁ | ၁၂၃၆ | ၁၆၉၂၆ | ၁၈၁၆၂ | ၈၉.၉၀% | ၁၀.၁၀% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် မတ် ၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# တူကီယဲ၊ ပီရူးနှင့် ရီယိုဒီဂျနေးရိုးတို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပ



အစ္စတန်ဘူလ်မြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ စုဝေးပွဲသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

**အင်ကာရာ မတ် ၉**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ချီတက်ပွဲများကို တူကီယဲ၊ ပီရူးနှင့် ဘရာဇီးနိုင်ငံတို့တွင် ပြုလုပ်ခဲ့ပြီး ကမ္ဘာ့နေရာအနှံ့အပြားမှ လူပေါင်းများစွာလည်း ပါဝင်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ချီတက်ပွဲတွင် အမျိုးသမီးများ အခွင့်အရေးတိုးမြှင့်ရန်အတွက် တောင်းဆိုခဲ့ကြသည်။

ထောင်ပေါင်းများစွာသော တူကီယဲအမျိုးသမီးများသည် မတ် ၈ ရက်က တားမြစ်ပိတ်ပင်ချက်ကို ဆန့်ကျင်ကာ အစ္စတန်ဘူလ်မြို့၌ စုဝေးခဲ့ကြပြီး ကြွေးကြော်တောင်းဆိုခဲ့ကြသည်။ ချီတက်သူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲများအကြား ပဋိပက္ခများဖြစ်ပွားပြီး မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်ခဲ့ရသည်။

ပီရူးနိုင်ငံ မြို့တော်လီမာ၌လည်း အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို အဆုံးသတ်ပေးရန် အမျိုးသမီးများက တောင်းဆိုခဲ့ကြသည်။ ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့တော် ရီယိုဒီဂျနေးရိုး၌လည်း အမျိုးသမီးများ လမ်းပေါ်ထွက်ကာ ကျားမအခြေပြု အကြမ်းဖက်မှုများ အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းပြည်နယ် ရီရယ်ကျွန်း၌ မြေပြိုမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ် မြို့တော်ဒါကာ၌ အဆောက်အအုံ မီးလောင်ပေါက်ကွဲ၊ သေဆုံးသူ ၂၁ ဦးအထိရှိ

**ဒါကာ မတ် ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာရှိစီးပွားရေးအဆောက်အအုံတစ်ခုတွင် အင်္ဂါနေ့က အင်အားပြင်း ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၂၁ ဦးအထိ တိုးမြှင့်လာသည်။

ကယ်ဆယ်ရေး လုပ်သားများသည် မြို့တော်ဒါကာ၏ ဆစ်ဒစ်ဘဇားရီယာရှိ ငါးထပ်စီးပွားရေးအဆောက်အအုံဟောင်း ပေါက်ကွဲမှုမှ သေဆုံးသူတစ်ဦးကို မတ် ၉ ရက် နံနက်ပိုင်းက စတင်တွေ့ရှိခဲ့ပြီးနောက် ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၁ ဦးအထိ တိုးလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အပြင်းအထန် ဒဏ်ရာရသူ ၃၀ မှာလည်း ဆေးရုံများတွင် ဆေးကုသမှုခံယူနေရကြောင်း မီးသတ်ဌာန လက်ထောက်ညွှန်ကြားရေးမှူး အက်တာရုဇ်မန်းက သတင်းထောက်များကို ပြောကြားလိုက်သည်။

မီးလောင်မှုမှာ မတ် ၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အဆောက်အအုံပိုင်ရှင် နှစ်ဦး အပါအဝင် လူသုံးဦးကို ထိန်းသိမ်းထားကြောင်း ဒါကာမြို့တော်ရဲဌာန၏ ဒုတိယကော်မရှင်နာ ကေအင်န် ရှိုင် နီယိုတီ က သတင်းထောက်များအား ပြောကြားသည်။

**ဆင်ဟွာ**



အဆောက်အအုံမီးလောင်ပေါက်ကွဲပြီးနောက် ပြိုကျပျက်စီးမှုများကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၂၅ ဦးအထိရှိလာ

**ဂျကာတာ မတ် ၉**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းပြည်နယ် ရီရယ်ကျွန်းတွင် မြေပြိုမှုကြောင့် သေဆုံးသူဦးရေ ၂၅ ဦးအထိ ရှိလာပြီး ပျောက်ဆုံးနေသူ ၃၃ ဦးရှိသည်ဟု သဘာဝဘေးအေဂျင်စီ အရာရှိတစ်ဦးက မတ် ၉ ရက်တွင် ပြောသည်။

မတ် ၆ ရက်တွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် စက်ယန္တရားကြီးများလည်း ရောက်ရှိလာသည်ဟု နာတူနာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေရေး အေဂျင်စီမှ အတွင်းရေးမှူးဖြစ်သူ ဆီယာရစ်ဖ်ဖူဒင် မိုဟာမက်က ပြောသည်။ သေဆုံးသူ ၂၅ ဦးအနက် ၂၁ ဦး၏ ရုပ်အလောင်းကိုသာ မည်သူမည်ဝါမှန်း ခွဲခြားနိုင်သေးသည်။

ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသည့်အတွက် သေဆုံးသူဦးရေမှာလည်း တိုးလာနိုင်သေးကြောင်း ၎င်းကဆက်ပြောသည်။ မတ် ၆ ရက်က မြေပြိုမှုဖြစ်ပွားပြီးနောက် လူပေါင်း ၁၃၀၀ နီးပါးမှာ နေအိမ်မှ စွန့်ခွာခဲ့ရသည်ဟု အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အေဂျင်စီက ပြောသည်။ မိသားစုပေါင်း ၁၀၀ နီးပါးကို ပြန်လည်နေရာချထားပေးခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးနှင့် လျော့ပါးသက်သာစေရေး အေဂျင်စီမှ အကြီးအကဲဖြစ်သူ ဆူဟာယန်တိုကပြောသည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ရထားနှင့် ဘတ်စ်ကားတိုက်၊ နှစ်ဦး သေဆုံးပြီး ၈၄ ဦး ဒဏ်ရာရ

**လာဂို့စ် မတ် ၉**

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့၌ မတ် ၉ ရက်က ရထားနှင့် ဘတ်စ်ကားတို့ တိုက်မိမှုဖြစ်ပွားပြီး နှစ်ဦး သေဆုံးကာ ၈၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက ပြောသည်။ လာဂို့စ်ပြည်နယ်အစိုးရမှ ရုံးဝန်ထမ်းအမျိုးသမီးနှစ်ဦးကို သေဆုံးလျက် တွေ့ရှိခဲ့ရသည်။ ဒဏ်ရာရရှိသူအများအပြားကို ကယ်တင်နိုင်ခဲ့သည်ဟု အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီမှ ဒေသတွင်းညွှန်ကြားရေးမှူးဖြစ်သူ အီဘရာဟင်က ပြောသည်။ ပြည်နယ်အစိုးရ၏ ဝန်ထမ်းရုံးကားသည် ရထားလမ်းကို ဖြတ်ကျော်ရန် ကြိုးပမ်းစဉ် ရထားနှင့် တိုက်မိခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များမရရှိသေးချေ။ ဒဏ်ရာရရှိသူများ အားလုံးကို ဆေးရုံတွင် လုံလောက်သည့် ကုသမှုပေးထားကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**



ရထားနှင့် ဘတ်စ်ကားတို့ တိုက်မိပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

# ပါကစ္စတန်အနောက်မြောက်ပိုင်း ပစ်ခတ်မှုဖြစ်စဉ်အတွင်း လေးဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် မတ် ၉**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခါဝါပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်း အပြင်ဘက်၌ မတ် ၉ ရက်က ပစ်ခတ်မှုဖြစ်စဉ်အတွင်း လူလေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘန်နူခရိုင်၌ လူအုပ်စုနှစ်စုအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်စဉ်အတွင်း သေဆုံးသူများအနက် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကျောင်းသားတစ်ဦးတို့လည်း ပါဝင်ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်များက ပြောကြားသည်။

ကျောင်းသားများအပါအဝင် ဒဏ်ရာရသူများကို အနီးနားရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး နှစ်ဦးမှာစိုးရိမ်ရသည့် အခြေအနေဖြစ်သည်။ အခင်းဖြစ်ပွားပြီးနောက် နှစ်ဖွဲ့စလုံးမှ တရားခံများမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ရဲတပ်ဖွဲ့မှ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃)
# Myanmar Health Sciences Conference (2023)

ဒေါက်တာကျော်ဇံအောင် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)

**ကျန်းမာရေးဝန်ကြီးဌာန၏ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ (၂၀၂၃) “Myanmar Health Sciences Conference (2023)” ကို ၂၀၂၃ ခုနှစ် မတ် ၁၁ ရက်နှင့် မတ် ၁၂ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ (Myanmar Health Sciences Conference) ၏ အဓိကဦးတည်ချက်ခေါင်းစဉ် (Main Theme) အနေဖြင့် အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု (Quality Care in Medical Practice) ဟု သတ်မှတ်၍ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ (Symposium) ၄၉ ခုနှင့် ဆေးလက်တွေ့ဆွေးနွေးခြင်းကဏ္ဍ (Clinical Sessions) လေးခုအပြင် အာရှနှင့်အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင် ၁၁ ဦး၏ Special Talks များကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည်။**

ရည်ရွယ်ချက်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးကဏ္ဍ နယ်ပယ်အသီးသီးမှ ပညာရှင်များ ပါဝင်ဆင်နွှဲနိုင်စေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပတ်သက်၍ သိရှိနားလည်နိုင်စေရန်အတွက် လည်းကောင်း၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ဆေးပညာရပ်များဆိုင်ရာပညာရှင်များ အချင်းချင်းအပြန်အလှန် ပေါင်းစပ်ညှိနှိုင်း သင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ဆေးနှင့်ဆေးနီးနွယ် ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုသည့် အစဉ်အလာ ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ ပြည်သူလူထုအား အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန် အတွက်လည်းကောင်း ရည်ရွယ်၍ မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ပထမဆုံးအကြိမ် ကျင်းပရခြင်း ဖြစ်သည်။

အဆိုပါနီးနှောဖလှယ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးနှင့် သက်ဆိုင်သည့် နယ်ပယ်အသီးသီးမှ ဆေးနှင့်ဆေးနီးနွယ်ပညာရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေးပညာရှင်များ၊ အငြိမ်းစားတပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များ စသည့်မြန်မာနိုင်ငံရှိ ဆေးပညာရှင်များသာမက အာရှနှင့်အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင်များလည်း တက်ရောက် ဟောပြောဆွေးနွေးကြမည် ဖြစ်သည်။

## နီးနှောဖလှယ်ပွဲအကြိုကာလအနေဖြင့် ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ (Pre-Conference Workshops)




၂၀၂၃ ခုနှစ် မတ် ၁၀ ရက်တွင် နီးနှောဖလှယ်ပွဲ အကြိုကာလအနေဖြင့် ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ (Pre-Conference Workshops) ဖြစ်သော ထိုင်းနိုင်ငံ Mahidol တက္ကသိုလ်မှ Professor Weerasak Muangpaisan ဦးဆောင်ပါဝင်သည့် Geriatric medicine, mild cognitive impairment and dementia အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံမှ ဆေးပညာရှင် Dr. Tan Soo Yong ဦးဆောင်ပါဝင်သော Pitfalls in Histopathology Diagnosis နှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကို နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီးတွင်လည်းကောင်း၊ High quality CPR and early defibrillation, Emergency management of cardiac arrest patient in hospital setting အကြောင်းအရာနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို အရေးပေါ်အသက်ကယ်သင်တန်းကျောင်း (နေပြည်တော်) တွင်လည်းကောင်း၊ Basic Point-of-Care Ultrasound Training Course ကို နေပြည်တော်ရှိ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီးတွင်လည်းကောင်း၊ Basic Laparoscopy Course ကို နေပြည်တော်ရှိ ကလေးရောဂါအထူးကုဆေးရုံကြီးနှင့် Gastric Cancer Awareness and Gastrectomy အကြောင်းအရာနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) တို့တွင်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

## နီးနှောဖလှယ်ပွဲ အကြိုကာလအနေဖြင့် ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ (Pre-Conference Activities)

ထို့ပြင် အကြိုနီးနှောဖလှယ်ပွဲအနေဖြင့် ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ (Pre-Conference Activities) ဖြစ်သည့် နှုတ်ခမ်းကွဲ (Cleft Lip)၊ အာခေါင်ကွဲလူနာများ (Cleft Palate) ကို နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ သံတွဲမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတို့တွင် ခွဲစိတ်ကုသမှုများ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်သည်။ မျက်စိ အတွင်းတိမ်ရောဂါ ခွဲစိတ်ကုသပေးခြင်း (Cataract Surgery) များကို နေပြည်တော်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးတွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မျက်စိအထူးကုဆေးရုံကြီးတွင်လည်းကောင်း၊ ပုသိမ်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၅၀၀) တွင်လည်းကောင်း၊ မော်လမြိုင်မြို့ရှိအထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၅၀၀) တွင်လည်းကောင်း၊ မအူပင်မြို့ရှိ အထွေထွေ ရောဂါကုဆေးရုံကြီးတွင်လည်းကောင်း၊ စစ်တွေမြို့ရှိ ပြည်သူ့ဆေးရုံကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းများတွင်လည်းကောင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများကို မျက်စိစမ်းသပ်ပေးခြင်းနှင့် မျက်မှန်များ အခမဲ့ပေးဝေခြင်းတို့ကို နေပြည်တော်ရှိ ကျောင်းရှစ်ကျောင်းတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## လုပ်ငန်းကော်မတီများ သတ်မှတ်ထားရှိကာ ဆောင်ရွက်ခြင်း

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော “မြန်မာနိုင်ငံကျန်းမာရေး ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (Myanmar Health Sciences Conference)” အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ၊ စာပေရေးရာလုပ်ငန်းကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ ညှိခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီနှင့် ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး လုပ်ငန်းကော်မတီစသည့် လုပ်ငန်းကော်မတီများ အသီးသီး ဖွဲ့စည်းထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် လစ်ဟာမှု မရှိအောင် အထူးကြိုးစား ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

## ပြခန်းများ ခင်းကျင်းပြသခြင်း

ဆေးပညာရပ်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ် Society အစုံပါဝင်သည့် ပြခန်းများနှင့် ဆေးနှင့်ဆေးပစ္စည်း ကုန်သည်ကြီးများအသင်းမှ ပြခန်းများ ခင်းကျင်းပြသသွားမည် ဖြစ်ပေသည်။ ၎င်းပြခန်းများတွင် မိမိသက်ဆိုင်ရာ ဘာသာရပ်နှင့် ပတ်သက်သည့် ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကျန်းမာရေး ပညာပေးအစီအစဉ်များလည်း ပါဝင်မည် ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြခန်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးပညာရပ်ဆိုင်ရာပြခန်းများ၊ စက်မှုဝန်ကြီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်မှုဆိုင်ရာပြခန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၏ ပြခန်းများလည်း ပါဝင် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ အဆိုပါပြခန်းများတွင် သက်ဆိုင်ရာဦးစီးဌာနများ၏ စွမ်းဆောင်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာစောင်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို နိုင်ငံတကာအဆင့်မီ အခြေအနေတစ်ရပ်အထိ အောင်မြင်စွာ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ခဲ့မှုများနှင့် အခြားစိတ်ဝင်စားဖွယ် အကြောင်းအရာများကို ဝေဝေဆာဆာဖြင့် ခင်းကျင်းပြသသွားမည် ဖြစ်သည်။

## ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်နှင့် သူနာပြု စသည့်ဆေးပညာရှင်များပါဝင်ခြင်း

ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများစသည့် ဆေးပညာရှင်များသည် မိမိတို့နှင့်သက်ဆိုင်သော ဆေးပညာရပ်များကို ဆွေးနွေးပြောကြားမည် ဖြစ်သည်။ ထို့ပြင် ပြည်ပမှ ဆေးပညာရှင်များကလည်း ၎င်းတို့၏ အတွေ့အကြုံများနှင့် ဆေးပညာရပ်များကို အသီးသီးဆွေးနွေးပြောကြားမည် ဖြစ်သည်။ နောင်လာမည့် နီးနှောဖလှယ်ပွဲများတွင် ဆေးဝါးပညာရှင်များနှင့် ဆေးဘက်ပညာရှင်များ၏ အခန်းကဏ္ဍများပါ ပါဝင်နိုင်အောင် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ *စာမျက်နှာ ၁၅ သို့*

- **ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများစသည့် ဆေးပညာရှင်များသည် မိမိတို့နှင့်သက်ဆိုင်သော ဆေးပညာရပ်များကို ဆွေးနွေးပြောကြားမည် ဖြစ်သည်။ ထို့ပြင် ပြည်ပမှ ဆေးပညာရှင်များကလည်း ၎င်းတို့၏ အတွေ့အကြုံများနှင့် ဆေးပညာရပ်များကို အသီးသီးဆွေးနွေးပြောကြားမည် ဖြစ်သည်။ နောင်လာမည့် နီးနှောဖလှယ်ပွဲများတွင် ဆေးဝါးပညာရှင်များနှင့် ဆေးဘက်ပညာရှင်များ၏ အခန်းကဏ္ဍများပါ ပါဝင်နိုင်အောင် ထည့်သွင်းကျင်းပသွားမည်ဖြစ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် မတ် ၉

**၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၊ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ ပထမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၈ ရက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေး ခန်းမ၌ ကျင်းပရာ မဟာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် တက်ရောက်အမှာ စကားပြောကြားသည်။**

အဆိုပါအစည်းအဝေးသို့မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်း အတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော် ကာလအတွင်း ရိုးရာယဉ်ကျေးမှုမပျက် ယဉ်ကျေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်စေရန်၊ အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်အပန်းဖြေနိုင်စေရန် အတွက် စည်ကားသိုက်မြိုက်ပြီး အောင်အောင် မြင်မြင် ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြ ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံရေး လစ်ဟင်းမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မဟာသင်္ကြန် ကျင်းပရေးဦးစီး ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ရေရရှိရေးနှင့် ရေပက်ကစားရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေးဆပ်ကော်မတီ၊သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် ဧည့်ခံ ကျွေးမွေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ယခင်နှစ် မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေ များ၊ ယခုနှစ် ဆောင်ရွက်ရန်လျာထားသည့် အစီအစဉ်များနှင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၄ မှ*

### ကျန်းမာရေးပညာရှင်များအချင်းချင်း အပြန်အလှန် သင်ယူခြင်း/ပူးပေါင်းလုပ်ဆောင်ခြင်း (Interprofessional Education – IPE)

အရည်အသွေးပြည့်မီသော၊ ကျွမ်းကျင်သော ဘွဲ့ရများမွေးထုတ်ရေး၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေ့စပ် သေချာသော ရေတို ရေရှည် စီမံကိန်းများ ချမှတ် လုပ်ဆောင်မှု၊ လျောက်ပတ်သင့်လျော်သည့် မဟာ ဗျူဟာများကျင့်သုံးမှုနှင့် အချိန်/လူ/ပစ္စည်း အရင်း အမြစ်မြှုပ်နှံမှုတို့ လိုအပ်သည်။ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး မြင့်တိုးတက်စေရေး အတွက် နည်းလမ်းရှာကြရာတွင် ကျန်းမာရေး ပညာရှင်များ အချင်းချင်း အပြန်အလှန်သင်ယူမှု (IPE) က နည်းလမ်းတစ်ခုဖြစ်ကြောင်း ယခုအခါ လက်ခံလာကြပြီ ဖြစ်သည်။ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် အင်အားချို့တဲ့မှုကို ပြန်လည်ဖြည့်ဆည်းမိရန်၊ လုပ်ငန်းခွင်ရှိ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်မှု တိုးတက်မြင့်မားလာစေရန် လုပ်နိုင် သော နည်းလမ်းအဖုံဖုံအနက် တစ်ခုတည်းသော နည်းလမ်းက IPE ကို စတင်လုပ်ဆောင်ခြင်းဖြစ် သည်။ ကျန်းမာရေးပညာရှင်များ အချင်းချင်း အပြန်အလှန်သင်ယူမှု (IPE) ကို ကမ္ဘာတစ်ဝန်းလုံး အရှိန်အဟုန်မြင့် ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့ရမည် ဖြစ်သည်။

IPE ကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ကွဲပြားခြားနား သော ဘာသာရပ်နှစ်ခု သို့မဟုတ် နှစ်ခုအထက် နယ်ပယ်အတွင်းမှ သင်တန်းသားများ တစ်ဦး အကြောင်းကို တစ်ဦးကသင်ယူခြင်း၊ အချင်းချင်း အပြန်အလှန်သင်ယူခြင်း၊ အတူတူပူးတွဲသင်ယူခြင်း တို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှု ပိုမိုထိရောက် လာခြင်း၊ အချင်းချင်း ပါဝင်ပူးပေါင်းမှု မြင့်မားလာ ခြင်း၊ ကျန်းမာရေးညွှန်းကိန်းများ/ ရလဒ်များ ပိုမိုကောင်းမွန် တိုးတက်လာခြင်းတို့ ဖြစ်ထွန်းခဲ့ပါက ကျန်းမာရေး ပညာရှင်များအကြား သင်ယူခြင်းကိစ္စ ပြီးမြောက်သည်ဟု ဆိုနိုင်သည်။ IPE ဆိုသည်မှာ မတူညီသော ဘာသာရပ်နှစ်ခု သို့မဟုတ် နှစ်ခု အထက် နယ်ပယ်အတွင်း လေ့ကျင့်သင်ယူနေသည့် သင်တန်းသားများနှင့်ရော၊ သင်တန်းဆရာများနှင့် ရော သက်ဆိုင်သည့် ကိစ္စဖြစ်သည်။ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအနေဖြင့် အရည်အချင်း ပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့်ဆေးပညာနီးနွယ် တက္ကသိုလ် ၁၆ ခု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ခု ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက် နှင့်အညီ ပြုပြင်ပြောင်းလဲကျင့်သုံးလျက်ရှိသည်။ ဆေးပညာကို အမှန်တကယ် စိတ်ပါဝင်စားသူများ ကိုသာ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၏ သတ်မှတ် ရမှတ်ပေါင်းတွင် အင်္ဂလိပ်၊ ဓာတုဗေဒနှင့် ဇီဝဗေဒ စသည့် ဘာသာရပ် သုံးဘာသာ ရမှတ်ပေါင်း အများ အနည်းအလိုက် ရွေးချယ်ပြီး လူတွေ့နှုတ်မေး စာမေးပွဲပြုလုပ်ကာ စိစစ်ရွေးချယ်၍ ဝင်ခွင့်ပြုသည့် စနစ်ကို ၂၀၂၂ ခုနှစ် ပညာသင်နှစ်မှ စတင်၍ ကျင့်သုံး နေပြီ ဖြစ်သည်။ ဆေးပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာ အဆင့်တန်းမီစေရန်အတွက် မျှော်မှန်း ရလဒ် အခြေခံသော စုစည်းချိတ်ဆက် သင်ကြားခြင်း စနစ် (Outcome Based Integrated Curriculum) သို့ ပြောင်းလဲသင်ကြားလျက်ရှိပြီး ဆေးပညာရပ်များ သာမကဘဲ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများပါ ထည့်သွင်း သင်ကြားနေသည်။ ကျန်းမာရေး ပညာရှင်များ အချင်းချင်း အပြန်အလှန်သင်ယူခြင်း (IPE) / ပူးပေါင်းလုပ်ဆောင်ခြင်း (Interprofessional collaborative practice– IPCP) တို့ကိုပါ ထည့်သွင်း သင်ကြားပေးနေသည်။ ထို့ကြောင့် အရည်အချင်း ပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် များ ဖွံ့ဖြိုးတက်ရန်အတွက် လိုအပ်တဲ့ကိစ္စရပ်များ ဖြစ်သည့် ကျန်းမာရေးပညာရှင်များ အချင်းချင်း အပြန်အလှန်သင်ယူခြင်း (IPE)/ ပူးပေါင်းလုပ်ဆောင် ခြင်း (Interprofessional collaborative practice– IPCP) နှင့် ပတ်သက်သည့် Symposium ဖြစ်သော Essential Strategy for Quality Care in Medical Practice ကို ယခုကျင်းပမည့် နီးနွှောဖလှယ်ပွဲတွင် ထည့်သွင်း ဟောပြောဆွေးနွေးကြမည် ဖြစ်သည်။

### မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ (Myanmar Academy of Medical Science) နှင့် စာပေရေးရာ လုပ်ငန်းကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) “Myanmar Health Sciences Conference (2023)” ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Academic Program ကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ (Myanmar Academy of Medical Science) နှင့် စာပေရေးရာ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာတင်ထွန်း ဦးဆောင်သော စာပေ ရေးရာလုပ်ငန်းကော်မတီဝင်များနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များသည် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေး ခဲ့ရပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် Academic Program ကို အသေးစိတ် စီစဉ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ဆွေးနွေးပွဲ (Symposium) ၄၉ ခုနှင့် ဆေးလက်တွေ့ဆွေးနွေးခြင်းကဏ္ဍ (Clinical Sessions) လေးခု ကျင်းပသွားမည်ဖြစ်ပြီး အာရှနှင့်အရှေ့တောင် အာရှဒေသတွင်းမှ ဆေးပညာရှင်များဖြစ်သော ထိုင်းနိုင်ငံမှ Major General Professor Dr. Oupp–atham Supasyndh သည် Role of Calcitriol in the management of Chronic Kidney Disease အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကိုလည်းကောင်း၊ ဂျပန်နိုင်ငံမှ ဆေးပညာရှင် MD Takayuki Inagaki သည် Updates in Neurosurgery အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကိုလည်း ကောင်း၊ အိန္ဒိယနိုင်ငံမှ ဆေးပညာရှင် Dr. Sanjay Kalra သည် Basal Insulins: Addressing the Fasting Plasma Glucose Challenge အကြောင်း အရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကို လည်းကောင်း၊ စင်ကာပူနိုင်ငံမှ ဆေးပညာရှင် Dr. Tan Soo Yong သည် Challenges in Diagnosis of Lymphoma အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကိုလည်းကောင်း၊ ထိုင်းနိုင်ငံ မှ ဆေးပညာရှင် Dr. Taweesak Chotivatanapong သည် IHD: Stable Angina and Long term treatment အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကိုလည်းကောင်း၊ ကိုရီးယား နိုင်ငံမှ ဆေးပညာရှင် Dr. Jieun Choi သည် Approach to the patients with CNS infection and encephalopathy အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကို လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ ဆေးပညာရှင် Dr. Ha Nee Bae သည် Minimally Invasive Implant Treatment အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲကိုလည်း ကောင်း၊ ကိုရီးယားနိုင်ငံမှ ဆေးပညာရှင် Dr. Hijin You သည် Introduction of Craniofacial Surgery အကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြော ဆွေးနွေးပွဲကိုလည်းကောင်း၊ ဂျပန်နိုင်ငံမှ ဆေးပညာရှင် Dr. Naoko Kishi သည် Compr–ehensive Treatment for Cleft Lip and Palate အစရှိသည့် ဟောပြောဆွေးနွေးပွဲများ (Special Talks) ကို MICC–II ရှိ အခန်း (၆) ခန်းတွင် နှစ်ရက် ဆက်တိုက် ကျင်းပသွားမည် ဖြစ်သည်။

### တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည် ချက် (၁၂) ရပ်အနက် လူမှုရေးဦးတည်ချက် ဖြစ်သည့် နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ် လာရေးအတွက် ယခုကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲမှရရှိ မည့် ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ၊ ဗဟုသုတ များနှင့် နည်းပညာသစ်များကို သေချာစွာ လေ့လာ သုံးသပ်ပြီး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြ ရမည် ဖြစ်ပေသည်။ ယခုလိုကျင်းပခြင်းဖြင့် ပြည်သူ များသည် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက် ပေးနေသည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင် မှုအခြေအနေများ၊ အဆင့်မြင့် ကုသရေးလုပ်ငန်း ဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ပြည်သူလူထုအား ဘေးဥပဒ် မဖြစ် စေရေးနှင့် လုံခြုံစိတ်ချရရေးအတွက် ဆောင်ရွက်နေ သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု အခြေအနေများ၊ အသစ်ထပ်မံတွေ့ရှိသော အဆင့်မြင့် ဆေးသုတေသနဆိုင်ရာ တွေ့ရှိချက်လုပ်ငန်းများ၊ တိုင်းရင်းဆေးပညာရပ်များအပါအဝင် ကျန်းမာရေး နှင့် သက်ဆိုင်သော ပြည်သူလူထု အကျိုးပြုလုပ်ငန်း များကို သိရှိနားလည်လာမည်ဖြစ်သည်။ ပြည်သူ လူထုအနေဖြင့် လိုက်နာကျင့်သုံးကြမည်ဆိုပါက ပြည်သူများ၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မား လာမည်ဖြစ်ပြီး လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင် ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းစေရေးဆိုသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဆောင်ရန် ရှောင်ရန်များကို သိရှိလိုက်နာ ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုသည် မိမိတို့၏ ကိုယ်ပိုင်ငွေကြေး စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ် ပိုမိုသက်သာ လာမည်ဖြစ်ပြီး ပြည်သူအားလုံး လက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက် မှု စနစ်တစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်သည်။ ယခု ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ် ဆိုင်ရာ နီးနှောဖလှယ်ပွဲမှရရှိမည့် အကျိုးကျေးဇူးများ ကို အသုံးချပြီး ပြည်သူလူထုအား အကောင်းဆုံး ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရုံသာမက နောင်အခါ ထပ်မံကျင်းပမည်ဆိုလျှင် အတွေ့အကြုံ ကောင်းများရရှိပြီးဖြစ်၍ ဆေးနှင့်ဆေးနီးနွှယ်ပညာ ရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာ ဆည်းပူးလိုသည့် အစဉ်အလာဖြစ်ထွန်းပေါ်ပေါက် လာမည်ဖြစ်ကြောင်း ရေးသားဂုဏ်ပြုလိုက် ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် Asia World ဆိပ်ကမ်းတွင် ရောက်ရှိနေသည့် လျှပ်စစ်သုံးယာဉ်များကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၉**

Asia World ဆိပ်ကမ်းတွင် ရောက်ရှိနေသည့် လျှပ်စစ်သုံးယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ယနေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd က တင်သွင်းပြီး Asia World ဆိပ်ကမ်း၌ ရောက်ရှိနေသည့် BYD အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် ၁၀ စီးကို လျှပ်စစ်သုံးယာဉ်များအတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာပါအချက်အလက်များ ကိုက်ညီမှုကန်မှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး တင်သွင်းရောက်ရှိလာသည့် ယာဉ်များအတွက် ရောင်းချပြီးအာမခံမှု၊ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုနှင့် အပိုပစ္စည်းရရှိမှုတို့ကို ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးနိုင်ရေးနှင့် မူရင်းထုတ်လုပ်သည့် ကုမ္ပဏီနှင့် ချိတ်ဆက်၍ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ နည်းပညာများ ပြည်တွင်း၌ ရရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ယခုရောက်ရှိလာသည့် BYD အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် ၁၀ စီးသည် ရန်ကုန်မြို့ရှိ Asia World ဆိပ်ကမ်းသို့ ရောက်ရှိပြီး Import Declaration ဖွင့်လှစ်၍ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

အလားတူ ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirus Co.,Ltd မှ တင်သွင်းပြီး ထီးတန်းဆိပ်ကမ်းတွင် လျှပ်စစ်ကား ၃၈ စီးနှင့် Essential Motor Co., Ltd က ငါးစီး စုစုပေါင်း ၄၃ စီး ရောက်ရှိနေကြောင်းနှင့် လျှပ်စစ်သုံးယာဉ်များ အားသွင်းနိုင်ရန်အတွက် Essential Motor Co., Ltd သည် ရန်ကုန်ဘူတာကြီး အနီးတွင် Level 3 အဆင့် Charger ငါးစုံ၊ Dual Gun အသုံးပြုနိုင်သည့် Charging Station တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့ ပန်းဆိုးတန်း ခုံးကျော်တံတားအောက်တွင် လျှပ်စစ်သုံးယာဉ်အမြန်အားသွင်းနေရာ (EV Fast Charging Station)၊ အလုံမြို့နယ် သခင်မြပန်းခြံတွင် လျှပ်စစ်သုံးယာဉ်အမြန်အားသွင်းနေရာ (EV Fast Charging Station)၊ လှိုင်မြို့နယ် ဘုရင့်နောင်လမ်း သီရိမင်္ဂလာဈေးတွင် လျှပ်စစ်သုံးယာဉ်အမြန်အားသွင်းနေရာ (EV Fast Charging Station) များ တည်ဆောက်လျက်ရှိကြောင်းနှင့် လျှပ်စစ်ကားများ တင်သွင်းရေးအတွက် လုပ်ငန်းကော်မတီ ငါးခုဖြင့် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် အားသွင်းစက်များကို Pilot Project ကာလအတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့နှင့် အမြန်လမ်းမကြီး တစ်လျှောက်တွင် Charger ပေါင်း အလုံး ၁၅၀ ကျော်ကို တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

# ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ထုတ်ပေးမှု ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၈ မိုင်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးတွင် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (Overseas Worker Identification Card-OWIC) ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

**အသိပေးကြေညာ**

ယင်းနောက် ဒုတိယဝန်ကြီးက ပြည်ပအလုပ်အကိုင် ရှာဖွေသူများအနေဖြင့် ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ပြည်ပအလုပ်အကိုင် အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့်နည်းပညာများ၊ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ရေး၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေး၊ အခက်အခဲရှိပါက ပြည်ပရှိ မြန်မာနိုင်ငံ သံရုံးများနှင့် အလုပ်သမားသံအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ OWIC ကတ် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အများပြည်သူ သိရှိနိုင်ရေး ကြေးမုံသတင်းစာတွင် ဖေဖော်ဝါရီ ၂၅ ရက်က အသိပေး ကြေညာခဲ့ပြီးဖြစ်ရာ စနစ်တကျ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

OWIC ကတ်ကို သက်တမ်း ငါးနှစ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျ မှတ်ပုံတင်ထားရှိရေး၊ ပြည်ပနိုင်ငံသို့ သွားရောက် လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများ ရရှိရေး၊ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာလုပ်သားများ အကူအညီတောင်းခံလာပါက အချက်အလက်များကို စစ်ဆေး၍ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံအလိုက် လုပ်သားထွက်ခွာမှု စာရင်းများမှတစ်ဆင့် လိုအပ်သည့် မူဝါဒများ ရေးဆွဲချမှတ်နိုင်ရေးအတွက် Data Server တွင်အချက်အလက်များ သိမ်းဆည်း၍ ထုတ်ပေးလျက်ရှိသည်။

**ပြောင်းလဲထုတ်ပေး**



ယခင်က ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မည့်သူများအတွက် OWIC ကတ်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခု (မြောက်ဒဂုံ)၊ ပင်လုံခန်းမ၊ ၄၃ ရပ်ကွက်၊ ဗိုလ်မင်းအောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ အစီအစဉ်ဖြင့် စေလွှတ်သည့် အလုပ်သမားများနှင့် မိမိအစီအစဉ်ဖြင့် သွားရောက်လုပ်ကိုင်သူများအတွက် ထုတ်ပေးခဲ့ပြီး ပိုမိုအဆင်ပြေ ချောမွေ့စေရေး မိမိအစီအစဉ်ဖြင့် လျှောက်ထားသည့် အလုပ်သမားများအတွက် မတ် ၆ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၈ မိုင်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံးတွင် ပြောင်းလဲထုတ်ပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အေဂျင်စီအစီအစဉ်နှင့် မိမိအစီအစဉ်ဖြင့် ထွက်ခွာသူ၊ ခွင့်ဖြင့်ပြန်လာသူ၊ PR ကိုင်ဆောင်သူများကို ထိုင်းနိုင်ငံသို့ ၁၂၀၀၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ၂၄၀၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ ၈၈၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ ၁၅၅၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ ၃၉၉၀၀ ကျော် အပါအဝင် ပြည်ပနိုင်ငံ ၈၂ နိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမား ၂၁၆၀၀၀ ကျော်ကို OWIC ကတ်ဖြင့်စေလွှတ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည့် လက်နက်ကြီး ဖုံးသီးမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျေးရွာနေ ဒေါ်စန်းဌေး(၅၀)နှစ်နှင့် ဒေါ်မော်မော်အေး(၄၆)နှစ်တို့တွင် လက်နက်ကြီး ဖုံးသီးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်လျက်ရှိသော ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁ ဒသမ ၇ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁ ဒသမ ၇ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၄ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာ မယ်ယန်းစစ်ဆေးရေးစခန်း၌ ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ စိုင်းအောင်လတ် မောင်းနှင်ပြီး ဝေယံထွန်း လိုက်ပါလာသည့် NISSAN DISEL ၁၂ ဘီး ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် ကြက်သွန်နီ/ကုန်စုံများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၀၆၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁ ဒသမ ၇ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို မိုင်းပျဉ်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၃ ရာခိုင်နှုန်းရှိ

**(၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၈၇,၈၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၅၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၃၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၀ | ၂၁၀၄ |
| 95 Ron | ၂၁၂၀ | ၂၁၉၇ |
| HSD (500 ppm) | ၂၀၆၆ | ၂၁၃၇ |
| HSD (50 ppm) | ၂၁၄၀ | ၂၂၁၃ |
| HSD (10 ppm) | ၂၁၄၀ | ၂၂၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ *ကျောဖုံးမှ*

နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ယခုပွဲတွင်လည်း သရေရလဒ်သာ ရယူနိုင်ခဲ့သည်။ မဟာယူနိုက်တက် အသင်းမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သရေတစ်မှတ်သာရရှိခဲ့သည်။ လေးပွဲစီကစားအပြီးတွင် မဟာယူနိုက်တက်အသင်းက ငါးမှတ်၊ ရတနာပုံအသင်းက နှစ်မှတ်ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရှောဝတီအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လေးပွဲစီကစားအပြီးတွင် မြဝတီအသင်းက လေးမှတ်၊ ရှောဝတီအသင်းက တစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၄) ဒုတိယနေ့ကို မတ် ၁၀ရက် **(ယနေ့)**တွင်ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အားလုံး/ကာသိပွဲအသင်းနှင့် ကချင်ယူနိုက်တက်အသင်း YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# Cookie မုန့်များတွင် ဆေးခြောက်များထည့်၍ ရောင်းချသည့် တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

လူငယ်လူရွယ်များနှင့် ကျောင်းသားကျောင်းသူများသည် လူသား အရင်းအမြစ်၏ အဓိကမဏ္ဍိုင် တစ်ခုဖြစ်ပြီး နိုင်ငံ့အနာဂတ် အတွက် အလွန်အရေးပါသည့် မျိုးဆက်သစ် ကြယ်ပွင့်လေးများ ဖြစ်သည်။ သို့ဖြစ်၍ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ် အေးချမ်းနေမှုကို မလိုလားသည့် အကြမ်းဖက် အုပ်စုများသည် နိုင်ငံ၏ မျိုးဆက်သစ်လူငယ်များ ကို လမ်းမှားရောက်စေပြီး လူ့ညွန့် တုံးစေရန်အတွက် လူငယ် လူရွယ် များနှင့် ကျောင်းသား ကျောင်းသူ များကို အဓိကပစ်မှတ်ထားကာ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချ မှုများ ပြုလုပ်လာကြသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုများကြောင့် မိသားစုတွင် စီးပွားရေး၊ လူမှုရေး အခက်အခဲ များ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်လာနိုင်ပါ သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရ အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ် ရေးဆိုင်ရာ မူဝါဒများချမှတ်ကာ အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်သတ်မှတ်၍ တားဆီး ကာကွယ် တိုက်ဖျက်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့်ဆောင်ရွက် လျက်ရှိသည်။

၂၀၂၃ ခုနှစ် မတ် ၈ ရက် ညနေပိုင်းတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး ရေးကိုလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ရန်ကုန် တိုင်းဒေသကြီး လမ်းမတော် မြို့နယ် အမှတ်(၇)ရပ်ကွက် (၁၆) လမ်း တိုက်အမှတ်(၁၂၆) (၈)လွှာ ရှိ တိုက်ခန်းအား ဝင်ရောက် ရှာဖွေစစ်ဆေးခဲ့ရာ **ထက်ရတနာ စိုး** (၂၄) နှစ်အား ဖမ်းဆီးရမိခဲ့ ပြီး ၎င်း၏ထွက်ဆိုချက်အရ လမ်းမတော်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ဗဟိုရိစည်အိမ်ရာဝင်း တိုက်အမှတ်(၄၀) (၃)လွှာရှိအခန်း (၁၄)တွင် **ဇော်လင်းနောင်** (၂၁) နှစ်တို့ကို ဆေးခြောက်အမှုန့် ၁၀၉ ဂရမ်၊ ဆေးခြောက်ထည့် သွင်းပြုလုပ်ထားသည့် Cookie မုန့်အခု ၅၀၊ ဆေးခြောက်ရှူရာတွင် အသုံးပြုသည့် ဆေးဂေါက်တံတစ်ခု တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် တရားမဝင် ပေါင်းသင်းနေထိုင်သူ များဖြစ်ပြီး Cookie မုန့်များ အတွင်း ဆေးခြောက်များကို ထည့်သွင်း ပြုလုပ်ကာ Online မှတစ်ဆင့် ရောင်းချခဲ့ကြောင်း၊ ဆေးခြောက်ထည့်သွင်းမှု အနည်း/ အများပေါ်မူတည်၍ Cookie မုန့် တစ်ခုလျှင် ငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀ အထိ ရောင်းချကြောင်း၊ ဆေးခြောက်များအား Online မှတစ်ဆင့် မြဝတီဘက်သို့မှာယူ၍ ခရီးသည်တင်ယာဉ်များဖြင့် သယ် ဆောင်ရယူခဲ့ကြောင်း၊ ၎င်းတို့ ရောင်းချသည့် Cookie မုန့်များ အား လူကြိုက်များစေရန်နှင့် လူငယ် လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး သုံးစွဲလာစေရန် ရည်ရွယ်၍ ရက်စက်ယုတ်မာသည့်အကြံဖြင့် Cookie မုန့်များအတွင်း ဆေး ခြောက်များကို ထည့်သွင်းပြုလုပ် ကာ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ Cookie မုန့်များအား ဝယ်ယူ စားသုံးသူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ များကို များစွာပျက်စီးစေနိုင်ပြီး စတင်စားသုံးစဉ် ခွန်အားများ တိုးပွားလာကာ အိပ်ချင်စိတ်များ ပြေပျောက်သည်ဟု မှားယွင်းစွာ ထင်မြင်နေသော်လည်း နောက်ပိုင်း တွင် စားချင်စိတ်နည်းပါးလာပြီး ကိုယ်အလေးချိန် ကျဆင်းလာ ခြင်း၊ ကြွက်သားတောင့်တင်း လာခြင်း၊ အသက်ရှူမြန်လာခြင်း၊ အာရုံစူးစိုက်မှု နည်းလာခြင်း၊ မှတ်ဉာဏ် ယိုယွင်းလာခြင်း၊ စိတ်တိုဒေါသထွက်ခြင်းများ ဖြစ် ပေါ်လာသည့်အပြင် စားသုံးသည့် ကာလ ကြာလာသည်နှင့်အမျှ နောက်ထပ်မစားရလျှင် မနေနိုင် အောင် စိတ်ရောကိုယ်ပါ စွဲလမ်းမှု ကိုဖြစ်ပေါ်လာပြီး စိတ်ချောက်ချား ခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဖျားနာလာ ခြင်း၊ ဦးနှောက်အတွင်း သွေးယို ခြင်း၊ အသက်ရှူကျပ်လာခြင်း၊ နှလုံးခုန်ရပ်ခြင်းများ ဖြစ်လာကာ နောက်ဆုံး ရုတ်တရက်သေဆုံး သည်အထိ ဆိုးကျိုးများကို ခံစား ရသည်။

သို့ဖြစ်၍ မိမိကိုယ်ကျိုးစီးပွား အတွက် လူငယ်လူရွယ်များအား လမ်းမှားသို့ ရောက်ရှိစေရေး ရည်ရွယ်ချက်ဖြင့် Cookie မုန့်များ အတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာ ရောင်းချခဲ့ သည့် တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာသည် လူသားမျိုးနွယ်စု တစ်ရပ်လုံးကို ခြိမ်းခြောက်နေ သည့် ပြဿနာတစ်ရပ်ဖြစ်သည် နှင့်အညီ နိုင်ငံသားအားလုံးမှ ကိုယ်စီတာဝန်ရှိစွာနှင့် ပူးပေါင်း ပါဝင် ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ် ပါသည်။ **သတင်းစဉ်**





၈-၃-၂၀၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ Cookie မုန့်များတွင် ဆေးခြောက်များထည့်၍ ရောင်းချသည့် တရားခံများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများ။

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝင်းမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၉**

မကွေးတိုင်းဒေသကြီး ပေါက် မြို့နယ် ညောင်ဝင်းမြောက် ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက် သိမ်းဆည်းထားသည့် လက်နက်/ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပေါက်မြို့နယ် အတွင်း လုံခြုံရေးဆောင်ရွက်နေ သော လုံခြုံရေးတပ်ဖွဲ့ဝင်များ သည် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် ညောင်ဝင်းမြောက် ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမား များက ကျေးရွာစာသင်ကျောင်း အနီးတစ်ဝိုက်မှ လက်နက်ငယ် များဖြင့် စတင်ပစ်ခတ်တိုက်ခိုက် သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ က ထိန်းထိန်းသိမ်းသိမ်းဖြင့် ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့ ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်တောင်ဘက် သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းနေရာတစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်း များ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာရှိ အခြေခံပညာမူလတန်း ကျောင်းအတွင်းမှ အကြမ်းဖက် သမားများ သိုဝှက်သိမ်းဆည်း ထားသည့် လက်လုပ်သေနတ် ၁၀ လက်၊ လက်လုပ်မိုင်း ၁၄ လုံး၊ လက်လုပ်ကျည်အိမ် သုံးခု၊ ကျည်မျိုးစုံ ၈၈ တောင့်၊ လက်လုပ် ဗုံးသီး ၁၈ လုံး၊ ဝရိန်စက် တစ်လုံး၊ ကျောက်ဖြတ်စက် တစ်လုံး၊ လွန်စက် တစ်လုံး၊ ဒီတိုနေတာ သုံးခု၊ ဆိုင်ကယ်မျိုးစုံ ခြောက်စီး နှင့် ဆက်စပ်ပစ္စည်းများ၊ ဆီ ၁၀ ပိဿာနှင့် ဆန်ခြောက်အိတ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ကလေး ငယ်များ ပညာသင်ကြားရာ စာသင်ကျောင်း၌ လက်နက်/ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်း များ သိုဝှက်သိမ်းဆည်းထား သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး၊ ဒေသခံ ပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေး တပ်ဖွဲ့များက နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက် လျက်ရှိကြောင်းနှင့် သိမ်းဆည်း ရမိခဲ့သည့် လက်နက်/ခဲယမ်းများ အား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**





PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိသည့်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက် – ရုံးသာကျေးရွာသွား ကားလမ်းရှိ သံကူသစ်သားတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက် – ရုံးသာကျေးရွာသွား ကားလမ်းရှိ သံကူသစ်သားတံတား အား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ သည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် စစ်ကိုင်း တိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်– ရုံးသာကျေးရွာသွား မြေသားကားလမ်းရှိ သံကူသစ်သားတံတား/ ပွန်ကြီးတံတား(ဒေသအခေါ်)အား PDF အမည်ခံ အကြမ်းဖက်သမား များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားတစ်စင်းလုံး မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သွားလာ၍မရကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွား သည့်တံတားအား တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ ဖြတ်သန်းသွားလာအသုံးပြု လျက်ရှိသည့် တံတားအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမား များအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





ဒေသခံပြည်သူများ။

**နေပြည်တော် မတ် ၉**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများအား ဆေးရုံရေယာဉ်ပေါ်၌ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက်တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် မာန်အောင်မြို့သို့ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့နယ်ခန်းမ၌ အခြေပြု၍ မြို့နယ်အတွင်းရှိ ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၅၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၅၀၊ ခွဲစိတ်ရောဂါ ၄၁ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၉ ဦး၊ ကလေးရောဂါ ၃၄ ဦး၊ အရိုးရောဂါ ၁၀၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၄ ဦး၊ မျက်စိရောဂါ ၂၅၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၆၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရသည်-

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်း တောင်ကျေးရွာအုပ်စု၊ ပုဏ္ဏားကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအေးကျော်နှင့် ဒေါ်စောမိ တို့၏ ကျန်ရစ်သော (၁) မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ ကွင်း အမှတ် (၅၀၃-ရန်ကင်းတောင်)၊ ဦးပိုင်အမှတ် (၈၇)၊ ဧရိယာ ၀ ဒသမ ၅၃ ဧကနှင့် (၂)ဦးပိုင်အမှတ် (၈၈/၁)၊ ဧရိယာ ၁ ဒသမ ၅၀ ဧကတို့ရှိ လယ်ယာ မြေ ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သီတာ၊ ဒေါ်တင်တင်ဦး၊ ဒေါ်တင်တင်ဝင်းတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် မတ် ၂၉ ရက် (၁၃၈၄ ခုနှစ်၊ နှောင်း တန်ခူးလဆန်း ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သော ကြောင့် ထိုကွယ်လွန်သူ ဦးအေးကျော်နှင့် ဒေါ်စောမိတို့၏ ကျန်ရစ်သောပစ္စည်း များတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ မတ် ၂၉ ရက်(၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်း ကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သီတာ၊ ဒေါ်တင်တင်ဦး၊ ဒေါ်တင်တင်ဝင်းတို့၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင် ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မတ် ၈ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းကိန်ခမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ၁၄-ရပ်ကွက်၊ ဦးဖိုးလှိုင်လမ်း၊ အမှတ် ၆၇၄(ခ)တွင် နေထိုင်သော ဦးမြတ်နိုး ၉/မရတ(နိုင်) ၀၀၈၄၈၅၊ ဒေါ်ခင်နှင်းဖွေး ၁၂/အစန(နိုင်)၀၁၉၉၆၂ တို့၏ သားဖြစ်သူ ကိုအောင်ဖုန်းမော် ၁၂/လသယ(နိုင်)၁၀၀၀၈၅ သည် မိဘများ၏ ဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ၁-၃-၂၀၂၃ ရက်မှ စတင်၍ ၎င်းအားသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပက်သတ်သမျှ အရာအားလုံးတို့သည် မိဘများနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများ ပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး**
**LL.B. D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၉၈/၅.၁၂.၂၀၁၉)**
**အမှတ်- ၂၁၆/ခ၊ ကွက်သစ်(၂)အောက်လမ်း ကွက်သစ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၅၇၉၈၄၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ် (၃၉)၊ ဦးပိုင် အမှတ်(၈၅-ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ ဘိုးဘွား ပိုင်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှမြင့်(ခ)မာဘီယာ ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင် အမှတ်-၃၇၃/၂၀၂၂ အရလည်းကောင်း၊ ကတိသစ္စာပြုလွှာမှတ်ပုံတင် အမှတ်-၃၇၂/၂၀၂၂အရ လည်းကောင်း၊ ဒေါ်ချိုချိုဝင်း ၃/ကကရ (နိုင်)၀၆၇၂၅၀ မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်း၏အမည်သို့ လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား များနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင် မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့် ကွက်ရန်မရှိပါက အမည်ပြောင်းလဲလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## အမည်ပြောင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့ နေ (ဘ)ဦးအောင်ကျော်ဆန်း ၏သမီး နန်းအိသဲမွန် အား ယနေ့မှ စ၍ နန်းသဲအိမွန် ၁၃/သနန(နိုင်)၀၄၆၅၁၅ ဟု ပြောင်းလဲခေါ်ပါရန်။

**နန်းသဲအိမွန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခင်မောင်သန်း ၁၁/ရသတ(နိုင်)၀၆၄၉၀၀၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/28623 LUOJIA 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၉/လဝန(နိုင်) ၁၄၈၆၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## မိဘအမည်မှန်

ပျဉ်းမနားမြို့၊ လမ်းပြကြယ်စင် ကိုယ်ပိုင် အထက Grade-11 မှ မယမင်းအောင်၏ မိဘအမည်မှန် မှာ ဦးစန်းဝင်း ၅/မရန(နိုင်) ၁၃၃၅၇၁နှင့် ဒေါ်ခင်မမ ၅/ကလဝ (နိုင်)၀၂၆၄၇၅ တို့ ဖြစ်ပါကြောင်း။

**ဦးစန်းဝင်း-ဒေါ်ခင်မမ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/9067 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/4807 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/87766 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၉/ပမန(နိုင်) ၂၀၂၅၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးချမ်း ၁၁/ရသတ(နိုင်)၁၂၁၂၂၁၀၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၁၀၀၅၀၆**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇေယျာသီရိမြို့ နယ်၊ ကျည်တောင်ကျေးရွာနေ (ဘ) ဦးတင်အောင်၏သား ဦးဝင်းနိုင် ၉/ ပမန(နိုင်)၁၄၂၁၆၈ ၏ မွေးသက္ကရာဇ် အမှန်မှာ (၆-၉-၁၉၆၄) ဖြစ်ပါ ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/38058 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာခိုင် ၉/ပမန(နိုင်) ၀၁၈၃၉၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/3860 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင် သန်း ၉/သစန(နိုင်)၀၅၄၆၃၃ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ကညန၊ ခရိုင်ရုံး(မြဝတီ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (DD/ မြနန္ဒာ)၊ ဦးပိုင်အမှတ် (၅၅)၊ မြေ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေကွက် အား မြေငှားဂရန် (ဂရန်သစ်)လျှောက် ထားနိုင်ရေး ဒေါ်မော်ကြည်စန်း ၁၃/နခတ(နိုင်)၀၆၁၅၇၃ မှ လည်း ကောင်း၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်းအကွက်အမှတ် (DD/ မြနန္ဒာ)၊ ဦးပိုင်အမှတ်(၅၄)၊ မြေ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေ ကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်နန်းစိန် စိန်ညွှန့် ၁၂/မဂဒ(နိုင်)၀၀၅၄၁၂ မှ လည်းကောင်း ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၉)၊ ဦးပိုင် အမှတ်(၁၄၈)၊ ၆၅x၆၇ လမ်းကြား၊ ဝေသာလီနှင့်သာယာဝတီမင်းကြီးလမ်းကြားရှိ ဦးသင်းမြင့်အမည်ပေါက်တောဂရန်မြေကွက်အား (ဖခင်)ဦးသင်းမြင့် (မိခင်)ဒေါ်စိန်စိန်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၅၈/၂၀၁၇) ဖြင့် အမွေဆက်ခံခဲ့သောတစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မာမာမြင့် ၉/အမရ(နိုင်) ၀၀၅၈၅၀ ၏ (SP ရသူ ဒေါ်ရန်ကျူမြင့်)က အမည်ပြောင်း မည့်သူ ဒေါ်မာမာမြင့်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍ မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ်(၆၂၉၅/၂၀၂၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉-က)၊ ဦးပိုင်အမှတ်(က/၃၀)၊ ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက် ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်းနွယ် ၁/ဒဂန(နိုင်)၀၀၇၁၂၈ ၏ (SP ရသူ ဦးအောင်မြင့်သိန်း) က အမည်ပေါက်သူ ဒေါ်ခင်ဝင်းနွယ်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြရမည် ဖြစ်သော်လည်း ငှားရမ်း၍ မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၂၆၄/၂၀၂၂-၂၀၂၃) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇

| | | |
|---|---|---|
| မောင်ကံသာ | **နှင့်** | ၁။ ဒေါ်ဝင်းဝင်းမာ |
| | | ၂။ ဒေါ်အေးအေးခိုင် |
| **တရားလို** | | **တရားပြိုင်များ** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အမှတ်(၅၆)နေ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်အေးအေးခိုင် (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင့်အပေါ်၌ မောင်ကံသာက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေး စေလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင် သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက် (၁၃၈၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင်အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း



ကွယ်လွန်သူဦးအုန်းမြင့် (တာမွေ/ကျောက်မြောင်း)အား ရည်စူး၍ သမီး မပန်းအိဝေ (USA)မှ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေ ကျပ်သိန်း(၁၀၀)တိတိ လှူဒါန်းပါသည်။

လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ ဝါရှောင်ကျေးရွာအုပ်စု၊ ကွင်း အမှတ်/ အမည် (OSS/ဂေါ်ဆက်ယန်)၊ ဦးပိုင်အမှတ်(၁၂)၊ မြေဧရိယာ ၁ ဒသမ ၀၀ ဧကရှိ မြေကွက်အား ဦးမောင်ကျန်(ခ)မောင်ကြိုင် ၁/မကန(နိုင်) ၀၃၈၀၇၂ အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းမြေနေရာအဖြစ်အသုံးပြုရန် လယ်ယာမြေ ဥပဒေပုဒ်မ ၂၉နှင့် ၃၀ တို့အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၂-၉-၂၀၂၂ ရက်စွဲပါစာအမှတ် ၄/၇-၁၃(၇၁၅)/အစိုးရအဖွဲ့(ကချင်)ဖြင့် လယ်မြေမှတစ်ပါး လယ်ယာမြေကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခြားနည်းအသုံးပြုခွင့်ရရှိထားသောမြေကွက်အား ဦးမောင်ကျန်(ခ)မောင်ကြိုင် ၁/မကန(နိုင်)၀၃၈၀၇၂ အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုစက်မှု/စီးပွား မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းကို ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စက်မှု/စီးပွားမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝိုင်းမော်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးမိစံ ၈/အလန(နိုင်)၁၇၄၆၆၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၄၂၀၅၄၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/2168 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၆၁၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးဇွဲသက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/3199 Mitsubishi Pajero V76 Station Wagoon (4x4)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ထွန်း ၁၃/တခလ(နိုင်)၀၆၃၀၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်နေ ဦးကျော်စိုးလှိုင် ၉/ပဘန(နိုင်)၁၂၀၄၂၇ ၏ တာဝန်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်နေ ဦးစိုးမြင့်ကျော်နှင့် ဒေါ်တင်တင်လှိုင်တို့တွင် ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်ဝင်းလှိုင်တို့အား ထွန်းကားခဲ့ပြီး လွန်ခဲ့သော ၆-၂-၂၀၂၃ ရက်တွင် မိခင်ဖြစ်သူ ဒေါ်တင်တင်လှိုင် ကွယ်လွန်သွား၍ ကျွန်ုပ်မိတ်ဆွေ၏မိခင် အမည်ပေါက် ပိုင်ဆိုင်သော ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်ကွက်ရှိကွင်းအမှတ်နှင့်အမည် ၉/မြို့သစ်မြောက် ၊ ဦးပိုင်အမှတ် ၂၄ က၊ မြို့မြေဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ မြေအား နှစ်(၃၀)ဂရန်မြေနှင့် ယင်းမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်နှင့် TOYOTA MARK II MDY-27 2F/7635 ခဲရောင် ကားတစ်စီးတို့ ကျန်ရှိခဲ့ပါသောကြောင့် အမွေဆိုင်တစ်ဦးဖြစ်သည့် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အမည်ပေါက်ပြောင်းလဲခြင်း အပါအဝင် တစ်နည်းနည်းဖြင့်ပြောင်းလဲခြင်း၊ ဝယ်ယူခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများအား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးလှိုင်၏ တာဝန်လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၂၅၅)**
**အထွေထွေဥပဒေအကျိုးဆောင်လုပ်ငန်း**
**မင်္ဂလာကျုံးလမ်း၊ ရမည်းသင်းမြို့**
**ဖုန်း-၀၉-၇၉၈၆၆၅၆၀၆၊ ၀၉-၇၈၀၀၈၅၃၄၄**
**lawyerwunnasoe@gmail.com**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၆)၊ အမှတ်(၁၅၆၄) မြေကွက်(၁)ကွက်၊ ဂရန်အမည် ဦးအောင်လွင် ၇/သကန(နိုင်)၀၅၉၈၈၉၂၏ ပေ(၃၀ x ၅၀) မြေကွက်(၁)ကွက်ကို ပိုင်ဆိုင်သူ ဒေါ်ဥမ္မာဆွေ၊ အထူးကိုယ်စားလှယ်လွှဲခံရသူ ဒေါ်ရင်ထွေးမြင့်တို့ထံမှ ကျွန်မဒေါ်မြသန္တာအောင် ၁၂/လမန(နိုင်)၁၀၁၁၀၄ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြသန္တာအောင်**
**အမှတ်(၁၅၆၈)၊ နဝရတ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့**
**ဖုန်း-၀၉-၄၄၅၂၂၁၄၁၄၊ ၀၉-၄၅၁၅၁၈၆၁၈၊ ၀၉-၈၈၂၈၈၉၈၂၃**

## ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း ကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ ကျွန်မ ဒေါ်ဂျာဆိုင်းပန် ၁/မကန(နိုင်)၂၁၄၁၆၅ နှင့် ဦးလဖိုင်ခွန်ဆိုင်း(ခ)ဇော်ခွန်း ၁၃/ကခန(နိုင်)၀၄၆၀၄၂ တို့သည် ၂၃-၈-၂၀၁၃ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

ဦးလဖိုင်ခွန်ဆိုင်း(ခ)ဇော်ခွန်းသည် ၁၉-၃-၂၀၁၈ ရက်တွင် ဇနီးဖြစ်သူ ဒေါ်ဂျာဆိုင်းပန် မသိရှိ၊ မကြိုက်နှစ်သက်သော အပြုအမူမျိုးဆောင်ရွက်ပြီး စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့အချိန်အထိ သီးခြားနေထိုင်ခဲ့သဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂျာဆိုင်းပန် ၁/မကန(နိုင်)၂၁၄၁၆၅**

## ဖြန့်ဖြူးသူပြောင်းလဲခြင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Eastchem Co., Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Awba Group COMPANY LIMITED မှ Lionchem (Myanmar) Pte. Ltd သို့ ဖြန့်ဖြူးသူ ပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်-

| စဉ် | ပိုးသတ်ဆေး | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁။ | Aba-Ema 82 WDG | Abamectin 52 g/kg + Emamectin 30 g/kg WDG | P2020-3483 |
| ၂။ | Ace 500 EC | Acetochlor 50% EC | P2018-2659 |
| ၃။ | AMENI 240 OD | Atrazine 180 g/l + Mesotrione 40 g/l + Nicosulfuron 20 g/l OD | E2021-5327 |
| ၄။ | Amine 500 | 2,4-D Amine 500 SL | F2020-2176 |
| ၅။ | Amine 720 SL | 2,4-D Amine 720 SL | F2020-2666 |
| ၆။ | Archer Plus 50 WP | Nitenpyram 40 % + Flonicamid 10% WP | E 2021-5376 |
| ၇။ | Aterkil 200 OD | Emamectin Benzoate 40 g/l + Spinosad 160 g/l OD | E2022-5561 |
| ၈။ | Atra 500 | Atrazine 50% SC | F2020-2667 |
| ၉။ | Atra 800 WP | Atrazine 80 % WP | F2020-2664 |
| ၁၀။ | Bemstar 750 DF | Trycyclazole 750 g/kg DF | F2022-3490 |
| ၁၁။ | Bicoaloo 700 WG | Nitenpyram 20% + Pymetrozine 50% WG | P2020-5160 |
| ၁၂။ | Butanil 550 EC | Butachlor 275 g/l + Propanil 275 g/l EC | E2021-5213 |
| ၁၃။ | Chani 300 OD | Bensulfuron-methyl 20 g/l + Pretilachlor 280 g/l OD | P2021-5250 |
| ၁၄။ | CITIUSA 550 WP | Isoprothiolane 40% + Tricyclazole 15% WP | E2021-5345 |
| ၁၅။ | Cleanshot 200 EC | Cyhalofop-butyl 120 g/l + Metamifop 80 g/l EC | E2021-5215 |
| ၁၆။ | Cleanup Super 480 SL | Glyphosate 480 g/l SL | F2020-2670 |
| ၁၇။ | Clinger 10 EC | Cyhalofop butyl 10% EC | F2020-2669 |
| ၁၈။ | Coach 330 OD | Cyhalofop-butyl 300 g/l + Ethoxysulfuron 30 g/l OD | E2021-5217 |
| ၁၉။ | CPP Killer 58 EC | Chlorpyrifos 48% + Cypermethrin 10% EC | P2018-2661 |
| ၂၀။ | Dime 400 EC | Dimethoate 40% EC | F2020-2668 |
| ၂၁။ | Director 120 SC | Chlorfenapyr 100 g/l + Emamectin -benzoate 20 g/l SC | E2021-5219 |
| ၂၂။ | Eranil | Propanil 350 g/l + Clomazone 120 g/l EC | E2021-5214 |
| ၂၃။ | Feme 250 SL | Fomesafen 250 g/l SL | P2020-5033 |
| ၂၄။ | FLUMIMAX 525 EC | Acetochlor 500 g/l + Flumioxazin 25 g/l EC | E2021-5325 |
| ၂၅။ | Gold Check 50 EC | Lambda 50 g/l EC | F2022-3487 |
| ၂၆။ | Golden Fuji 400 EC | Isoprothiolane 400 g/l EC | P2020-4925 |
| ၂၇။ | Hexado 50 SC | Hexaconazole 5% EC | F2020-2665 |
| ၂၈။ | Koler 450 EC | Propanil 300 g/l + Cyhalofop-butyl 150 g/l EC | E2021-5216 |
| ၂၉။ | Long Time 800 WP | Diuron 800 g/kg WP | P2017-3486 |
| ၃၀။ | Morclean 200 OD | Bispyribac-sodium 40 g/l + Cyhalofop-butyl 160 g/l OD | E2021-5211 |
| ၃၁။ | Moshini 200 WP | Dinotefuran 200 g/kg WP | F2022-3485 |
| ၃၂။ | Nomicet 350 WP | Quinclorac 300 g/kg + Bispyribac-sodium 50 g/kg WP | E2021-5212 |
| ၃၃။ | Nominate 100 SC | Bispyribac sodium 100 g/l SC | P2020-4940 |
| ၃၄။ | Omega 400 SC | Fenoxanil 200 g/l + Oxolinic Acid 200 g/l SC | E2021-5343 |
| ၃၅။ | PROTOCOL 280 EC | Picoxystrobin 200 g/l + Cyproconazole 80 g/l EC | E2021-5344 |
| ၃၆။ | Ramec 200 SC | Methoxyfenozide 180 g/l + Emamectin benzoate 20 g/l SC | E2021-5221 |
| ၃၇။ | Reclone 200 SL | Diquat dibromide 200 g/l SL | P2021-5335 |
| ၃၈။ | RUNTO 300 SC | Thiamethoxam 150 g/l + Spirotetramat 150 g/l SC | E2022-5560 |
| ၃၉။ | SOLAR 260 OD | Terbuthylazine 200 g/l + Mesotrione 40 g/l + Nicosulfuron 20 g/l OD | E2021-5326 |
| ၄၀။ | Sulfaron 250EC | Carbosulfan 200 g/l + Chlorfluazuron 50 g/l EC | E2021-5218 |
| ၄၁။ | Tatoo 100 G | Metaldehyde 100 g/ kg G | F2022-3488 |
| ၄၂။ | Top Care 400 SC | Tricyclazole 400 g/l SC | P2020-5053 |
| ၄၃။ | Transit 700 WP | Niclosamide 700 g/kg WP | F2022-3489 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိုင်းယွန်းကန် မြန်မာကုမ္ပဏီလီမိတက် : အမှတ် (၅၆၉)၊ အခန်းနံပါတ် (ဘီ-၁)၊ (၁၂၃)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အရှေ့ဒဂုံမြို့သစ်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။**

ဖုန်း – ၀၉-၇၃၂၄၈၀၅၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဂရုဏာ(၃)လမ်းအတွင်းရှိ မြေကွက်အမှတ် (၅၆၃)ဟု ခေါ်တွင်သည့် မြေဧရိယာ (၁၃ ၃/၃ x ၆၀)ပေရှိ ဦးဝင်းရွှေ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် အပါအဝင် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဦးဝင်းရွှေ ၁၂/ဥကမ(နိုင်)၁၁၄၈၄၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သော်ဇင်နိုင် ၁၄/ဂခမ(နိုင်)၁၅၉၆၅၂ က အပိုင် လွှဲပြောင်းဝယ်ယူရန် မြေနှင့်အိမ်ဖိုး စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကြိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၄)**
**အမှတ်-၁၃၉၊ ဒုတိယထပ်(ဂ)၊ ဥက္ကာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၅၁၀၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဖောင်ကြီးလမ်း၊ ကွင်းအမှတ်(၁၀၃၉-က)၊ သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်(၃၇/၁၆)၊ မြေယာလုပ်ကိုင်သူ ဦးညွန့်သင်းအမည်ပေါက် မြေဧရိယာ အလျား ၄၂'/၃၅'၊ အနံ ၁၄၉'/၁၅၈'ရှိ ခြံမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသော ဒေါ်အေးအေးနိုင် ၁၂/လကန(နိုင်)၁၀၁၅၁၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သည့်အတွက် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုသည် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုင်းဟိန်းထက်အောင် (LL.B)** | **ဦးဥက္ကာဗိုလ်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၁၁၉/၂၈-၂-၂၀၁၇)** | **(စဉ်-၅၃၆၁၅/၃၁-၈-၂၀၂၀)** |

**အမှတ်(၄၂)၊ သီတာအေး(၇)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့**
**ဖုန်း-၀၉-၄၂၁၀၈၆၃၈၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမိုးသူဇာခိုင် ၈/တတက(နိုင်)၁၆၉၉၉၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၂၉၀၉၅၇**

**သွေးသည် အသက်**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေပုဒ်မ - ၁၁၅)**

**ကချင်ပြည်နယ်တရားလွှတ်တော်**

**၂၀၂၁ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်-၁၂**

ဒေါ်နန်းမိုးခေါင် နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်း၏ကိုယ်စားဦးအောင်ခိုင်ထွန်း၊ မန်နေဂျာ၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ဗန်းမော်ဘဏ်ခွဲ)

၂။ ဒေါ်ဝင်းမြိုင် ၃။ ဦးခင်မောင်မြင့်
၄။ ဦးအောင်ဖြိုးဝင်း ၅။ ဦးသန်းထွန်းဦး
၆။ ဒေါ်ပွင့်ဖြူကျော် ၇။ ဦးအောင်ဇော်မြင့်
၈။ ဦးမျိုးထိုက်ဇော် ၉။ ဒေါ်အေးသဲသဲခိုင်
၁၀။ ဒေါ်တင်မာကျော် ၁၁။ ဒေါ်သူဇာသိန်း
၁၂။ ဒေါ်ယဉ်မွန်ဦး ၁၃။ ဒေါ်မီမီဝင်း
၁၄။ ဒေါ်မာလာမြင့် ၁၅။ ဦးနေနော်ဝေ
၁၆။ ဒေါ်စိုးမြတ်ဇာလီ ၁၇။ ဒေါ်နီနီဦး
၁၈။ ဦးအောင်ရှမ်းဦး ၁၉။ ဒေါ်မေဇင်ဖူး
၂၀။ ဦးအောင်သူရိန်ဇော် ၂၁။ ဒေါ်ဖြိုးဖြိုးသိမ့်
၂၂။ ဒေါ်ခင်ညိုလွင် ၂၃။ ဒေါ်ကျော့မေခိုင်
၂၄။ ဒေါ်မူမူမြင့် ၂၅။ ဒေါ်ဝေမာတိုး
၂၆။ ဦးအောင်သန်းဦး ၂၇။ ဒေါ်နီလာမျိုး
၂၈။ ဦးတင်စိုးဦး ၂၉။ ဦးစည်သူဝင်း
၃၀။ ဒေါ်ဆုမြတ်မြတ်တိုး

**(ပြင်ဆင်မှုလျှောက်ထားသူ) (ပြင်ဆင်မှုလျှောက်ထားခံရသူများ)**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ၃ ရက်စွဲပါ ဗန်းမော်ခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၀/၂၀၁၈ တွင် ချမှတ်သော ကြားဖြတ်အမိန့်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်ကို ပြင်ဆင်မှုလျှောက်ထားမှု။

ပြင်ဆင်မှုလျှောက်ထားခံရသူများ- (၁) ဦးသန်းထွန်းဦး(ဘ)ဦးထွန်း (ပက-၂၆)၊ ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့၊ (၂) ဒေါ်ယဉ်မွန်ဦး (ဘ)ဦးမျိုးလွင် (မိုးဖိန်း ကျေးရွာ၊ ဗန်းမော်မြို့)။ (၃) ဦးနေနော်ဝေ(ဘ)ဦးဇော်မင်း (ကံသာသစ်ကျေးရွာ၊ ဗန်းမော်မြို့)၊ (၄) ဒေါ်မေဇင်ဖူး(ဘ)ဦးတင်မြင့်လေး (ဟဲလုံဟောင်းကျေးရွာ၊ ဗန်းမော်မြို့)၊ (၅) ဦးအောင်သူရိန်ဇော် (ဘ) ဦးတင်မောင်အေး (ဟဲလုံဟောင်းကျေးရွာ၊ ဗန်းမော်မြို့)၊ (၆) ဒေါ်ဆုမြတ်မြတ်တိုး (ဘ)ဦးဗိုလ်တိုး (တိန်းသော်ကျေးရွာ၊ ဗန်းမော်မြို့)၊ (၇) ဦးအောင်ဇော်မြင့် (ဘ)ဦးစိုးလွင် (မဏိသြဂကျေးရွာ၊ ရွှေကူမြို့)။ (၈) ဦးမျိုးထိုက်ဇော် (ဘ)ဦးဇော်ဝင်းချစ် (မဏိသြဂကျေးရွာ၊ ရွှေကူမြို့)။ (၉) ဒေါ်သူဇာသိန်း(ဘ)ဦးမြသိန်း (အမှတ်(၁)ရပ်ကွက်၊ ရွှေကူမြို့)။ (၁၀) ဒေါ်မာလာ မြင့် (ဘ)ဦးအောင်မြင့် (ကျွန်းတော်ရွာ၊ သဘော်အင်းအုပ်စု၊ ရွှေကူမြို့)။ (၁၁) ဒေါ်ဖြိုးဖြိုးသိမ့် (ဘ)ဦးဆွေမြင့် (လမ်းကူးကျေးရွာ၊ ရွှေကူမြို့)။ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

ယခုအမှုတွင် ဗန်းမော်ခရိုင်၊ နယ်တရားမရုံးတော်ကချပေးသည့် ၃-၁၁-၂၀၂၀ ရက်စွဲပါ ကြားဖြတ်အမိန့်နှင့်ထုံးပုံကျအပြီးသတ်အမိန့်ကို ဒေါ်နန်းမိုးခေါင် က ပြင်ဆင်မှုလျှောက်ထားရာ ဤရုံးတော်တွင်မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ် မတ် ၂၈ ရက်(၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့် ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင် မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဇေယျာဝင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကချင်ပြည်နယ်တရားလွှတ်တော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေကွက် အမှတ်(၂၇၄/ခ)၊ ၁၂၀၀စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်(၂၇၄/ခ)၊ နွယ်သာကီ(၈)လမ်း၊(က)ရပ်ကွက်၊ ဒေါ်သန်းသန်း (၁၂/ဥကမ(နိုင်)၁၂၉၅၆၂) အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား ဒေါ်သန်းသန်း(မိခင်)သည်(၂၃.၃.၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ ဦးချစ်ခင်(ဖခင်) သည်(၂၃.၉.၁၉၉၄)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့မှဦးခင်ဝင်း (၁၂/ဥကမ(နိုင်)၁၂၇၇၈၉)၊ ဦးခင်မောင်ဆွေ(၁၂/ဥကမ(နိုင်)၀၃၀၂၃၁)၊ဦးနိုင်လင်း (၁၂/ဥကမ(နိုင်)၁၄၉၁၂၇) တို့(၃)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားသူများအား မွေးစားထားခြင်း ကိတ္တိမသားသမီးအဖြစ် မွေးစားထားခြင်း မရှိပါကြောင်း နှင့်မိမိတို့(၃)ဦးသာ တရားဝင် အမွေဆက်ခံခွင့်ရှိသည့်သားများဖြစ်ပါကြောင်း တရားရုံး ကျမ်းကျိန်လွှာအမှတ် (၇၀၆/၂၀၂၂/၁၇.၁၀.၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## မွေးနေ့ဆုတောင်း

၁၀-၃-၂၀၂၃ ရက် (သောကြာနေ့) တွင် ရောက်ရှိသော ချစ်ဇနီး မိုးပန်းပွင့်၏ (၃၄)နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်း (၁၂၀) ကျော်တိုင်အောင် ချစ်ရတဲ့ မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစု ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။

**ချစ်ခင်ပွန်း ဦးစိုးထွန်းနိုင်**
**ချစ်သားလေး သုတဉာဏ်သွေး**

---

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အကွက်အမှတ်နှင့်အမည် (၂/အောက်ကျင်း) ဦးပိုင်အမှတ်(၂၀၄)၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိအိမ်နှင့်မြေသည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(၁-က)စာရင်းတွင် မောင်လှဝင်း၊ မဖွားတို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မောင်လှဝင်းနှင့် မဖွားတို့၏ကျန်ရစ်ခဲ့သော အထက်ဖော်ပြပါ အိမ်နှင့် မြေကို အမွေဆက်ခံခွင့်ရှိသော ဒေါ်မြင့်မြင့်ဝေနှင့် ဒေါ်စန်းစန်းချိုသမီး(၂)ဦးသည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျမ်းကျိန်လွှာမှတ်ပုံတင်စာချုပ်အမှတ်-၂၈၉/၂၀၂၂ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် - ၂၉၀/၂၀၂၂ အရ အမွေဆက်ခံပိုင်ဆိုင်ထားကြပါသည်။ ထို့နောက် (၁၂-၁၀-၂၀၂၂)ရက်တွင် ဒေါ်မြင့်မြင့်ဝေနှင့် ဒေါ်စန်းစန်းချိုတို့သည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဒေါ်မြစန်းနှင့် ဦးညီညီလွင်တို့အား မှတ်ပုံတင် စာချုပ်အမှတ် ၃၀၃/၂၀၂၂ အရ မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်မြစန်းနှင့် ဦးညီညီလွင်တို့သည် အထက်ဖော်ပြပါ အိမ်နှင့်မြေကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**သံဖြူဇရပ်မြို့နယ်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဒေါ်ခင်စန်း | နှင့် | မနှင်းဝေဝေဦး(ခ)စနေ |
| **တရားလို** | | **တရားပြိုင်** |

သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာအုပ်စု၊ ပဒံကြီးကျေးရွာရပ်နေ မနှင်းဝေဝေဦး (ခ) စနေ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ကျပ်သိန်း ၈၀၀၀၀၀၀ ပြန်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၁၅ ရက် (၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းဇော်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၄၀ ရပ်ကွက်၊ သိန်းတစ်ရာလမ်းနေ ဒေါ်ခင်မာညွန့် ၁၂/လကန(နိုင်)၀၅၉၁၀၉၆ ၏ သမီး မခိုင်ခိုင်မာ ၁၂/ဒဂတ(နိုင်)၁၂၈၀၇၇ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မေးမြန်းစုံစမ်းခြင်းသည်းခံပါ။** **ဒေါ်ခင်မာညွန့်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၃-၂၀၂၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၁၄၂၁) အစား (ပ-၂၀၄၂၁) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဇော်ဦး ၇/ဝမန(နိုင်)၁၅၄၂၆၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၈၈၄၅၀၀၀၁၇**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေအသုံးပြု၍ Aircon 2HP (၂၀)လုံး နှင့် PA System (၂)စုံ အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါ အဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender.18.Equipment(4th) (2022-2023) |
| **တင်ဒါစတင်သည့်ရက်** | - | ၁၀- ၃ - ၂၀၂၃ ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၁၆-၃-၂၀၂၃ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/ ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၅ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၈၅)နေ (ဘ)ဦးမောင်မြင့်၏သား ကျွန်ုပ်၏ မိတ်ဆွေဦးဝင်းမြင့် (၁၂/မရက(နိုင်)၀၉၃၅၅၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီ၊လှည်းကူးမြို့နယ်၊ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်၊ ဇုန်အမှတ်(၂)၊ မြေကွက်အမှတ်-၁၅၇၊ စီ-၁၃ လမ်းရှိ မြေဧရိယာ (၅)ဧက မြေနေရာအား ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းမြင့် (၁၂/မရက(နိုင်)၀၉၃၅၅၂)ကိုင်ဆောင်သူ မှ ပိုင်ဆိုင်လုပ်ကိုင်ခွင့် ရရှိထားသူ ဖြစ်ပါသောကြောင့်ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြင့်မှ အဆိုပါမြေနေရာ၏ မြေကွက်အမှတ်-၁၅၇၊မြေဧရိယာ(၅)ဧက မြေနေရာလုပ်ကိုင်ခွင့် စာအုပ်အသစ်လဲလှယ်ထုတ်ယူခြင်းကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေနေရာ၏ လုပ်ကိုင်ခွင့် စာအုပ် အသစ်လဲလှယ်ထုတ်ယူဆောင်ရွက်သွားမည့် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်မည့်သူ ရှိပါက ဤကြော်ငြာပါသည့်နေ့ မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လည်းကောင်း၊ကျွန်ုပ်၏ မိတ်ဆွေထံသို့ လည်းကောင်း ခိုင်လုံသော အထောက်အထားများဖြင့်ကန့်ကွက်ပါရန် နှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ဖော်ပြပါ မြေနေရာ၏ လုပ်ကိုင်ခွင့်စာအုပ်အသစ်လဲလှယ်ထုတ်ယူခြင်းကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိဒ္ဓိအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၈)
အမှတ်-၁၄၃၊ဒုတိယထပ်၊၃၇လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။၀၉-၄၃၁၂၂၈၂၆

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ မြေကွက် အမှတ် (၁၃၂၈)ဟုခေါ်တွင်သော 34 FG - မြေတိုင်း (၃၀'x ၅၀')၊ ၁၅၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ပြည့်ပြည့်ဖြိုးမောင် ၁၂/တမန(နိုင်)၁၀၃၀၇၅ က အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ၁၈၁၂/၀၅(၁၆-၅-၂၀၀၅)ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းအရ အမည်ပေါက်ပိုင်ဆိုင်လာခဲ့ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ယုံကြည်သည့်အားလျော်စွာ ဒေါ်ပြည့်ပြည့်ဖြိုးမောင်၏ အထွေထွေကိုယ်စားလှယ် စာချုပ် ၁၅၁၇/ ၃၁ -၁ -၂၀၁၁ (ရန်ကုန်) ဦးစန်းမောင် ၁၂/တမန(နိုင်)၁၇၀၂၀၀နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်း ၁၂/တမန(နိုင်) ၀၀၂၄၆၇+ ဦးရန်နိုင် ၁၂/တမန(နိုင်)၁၂၈၆၇၃က ဈေးညှိနှိုင်းဝယ်ယူရန် သဘောတူကြ၍ တန်ဖိုး၏တစ်စိတ်တစ်ပိုင်း စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက မည်သူမဆို တရားရုံးဒီကရီ၊ တရားဝင် စာရွက်စာတမ်း အထောက် အထားမူရင်း တို့နှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုကာလ အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းဝင်း
အထက်တန်းရှေ့နေကြီး၊ စဉ် - ၆၄၀၉
VENUS LAW & LOVE GARDEN
အမှတ် (၁၀၆)၊ ဒုတိယထပ် (ဝဲ)၊ ၁၀၁-လမ်း၊ ဖို့မြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၅၇၅၇၆၊ ၀၉-၄၀၀၉၂၇၂၂၀

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သန်းဌေး ၁၁/စတန(နိုင်)၁၁၉၆၀၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၅၀၃၄၆၇**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/3603, KIA PICANTO HATCH BACK (4 x 2)L ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4159, NGWE KYAIR SIN TRUCK ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၉၄၆၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၃/ဘအန(နိုင်)၄၂၂၅၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၃၆၁၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသက်နောင် ၃/ဘအန(နိုင်)၂၂၂၉၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## သွေးသည် အသက်

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဇ-၃၂)၊ ခရေလမ်း၊ မြေကွက်အမှတ် (၆၁+၆၂)၊ အကျယ်အဝန်း (၄၆၈၀စတုရန်းပေ)ရှိ ဦးကျော်သူ (၉/စကန(နိုင်)၀၀၀၁၈၇) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်(၂)ကွက် နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်နေ့ အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L,D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃ |

## ပဲခူးမြို့၊ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော်



၁။ ပဲခူးမြို့၊ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော် မြတ်ကြီး ၏(၂၆၀၅)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အား ၁၃၈၄ - ခုနှစ် တန်ခူးလဆန်း(၁၀)ရက်နေ့ မှ တန်ခူးလပြည့်ကျော်(၄)ရက်၊ ၂၀၂၃ - ခုနှစ် မတ်လ (၃၀)ရက်နေ့ မှ ဧပြီလ (၈) ရက်နေ့ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၂။ ဈေးရောင်းချလိုသူများ နှင့် ကလေးများကစားနည်းမျိုးစုံ ထည့်သွင်းလိုသူများ အနေဖြင့် ဂေါပကအဖွဲ့ရုံးတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေမော်ဓောစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၁၉၁)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးခင်မောင်ဦး (၅/ခတန (နိုင်) ၀၀၁၅၈၂)နှင့် ဦးနေဝင်း (၁၂/မရက (နိုင်) ၀၃၇၃၃၆) တို့(၂)ဦးအမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးခင်မောင်ဦး နှင့် ဦးနေဝင်း တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၀၂၃/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြနန္ဒာအောင် (၁၂/အစန (နိုင်) ၁၇၁၁၇၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)
ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်-(၂၂၀၃)၊ ကေတုမတီလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးအေးငွေ အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်မြခိုင် ၁၃/လလန(နိုင်)၀၅၁၇၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောငွေးလွင် ၁၂/ရပသ(နိုင်)၀၀၂၈၃၉ က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစောငွေးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄ လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၉၁၆)ဟုခေါ်တွင်သည့်ဦးလှသိန်းအမည်ပေါက် ပါမစ်မြေအမျိုးအစား ပေ(၄၀x၆၀)အကျယ်အဝန်းရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိဇွန် ၉/ခမစ(နိုင်)၀၅၄၈၉၇ က စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ချမ်းငြိမ်း ၈/ရနခ(နိုင်)၀၈၉၂၁၈ ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအောင်ကျော်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)**
**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊**
**(၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း- ၀၉-၄၂၀၀၅၁၇၈၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/5836 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8162 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အမှတ်(၁၂)၊ ၂ ရပ်ကွက်၊ ကမ်းနားလမ်းနေ ကျွန်တော် ဦးမြစိန်နှင့် ကျွန်မ ဒေါ်ချိုချိုတို့၏သားဖြစ်သူ ဦးဇင်ကိုကိုအောင်သည် မိဘတို့၏ဆိုဆုံးမသွန်သင်မှုကို မနာခံဘဲ ၎င်း၏စိတ်ဆန္ဒအလျောက် ပြုလုပ်ခဲ့သည့်ကိစ္စများသည် တစ်ကြိမ်မက၊ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်ဖြစ်ပါသဖြင့် မိဘနှစ်ပါးသာမက သားချင်းဆွေမျိုးများ၏ စိတ်နှလုံးကို ထိခိုက်ကြေကွဲစေခဲ့သည်ဖြစ်၍ ကြော်ငြာပါသည့်နေ့မှစ၍ ဦးဇင်ကိုကိုအောင်ကို သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော အရေးအရာကိစ္စမှန်သမျှသည် ကျွန်တော်၊ ကျွန်မတို့၏မိသားစုနှင့်ပတ်သက်ခြင်း အလျဉ်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်ကြီးဦးမြစိန်-ဒေါ်ချိုချို**
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/7434 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်နေ ဦးတင်ဝင်း၏သားသမီး(၃)ဦး မွေးသက္ကရာဇ်အမှန်မှာ မသင်းသင်းအောင် (၂၆-၈-၁၉၉၉)၊ မောင်မင်းထက်ငြိမ်း (၁၉-၇-၂၀၀၃) နှင့် မအိအိဇော် (၁၀-၈-၂၀၀၅)တို့သည် မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း။ **မသင်းသင်းအောင်၊ မောင်မင်းထက်ငြိမ်း၊ မအိအိဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိန်လင်းဌေး ၈/ခမန(နိုင်)၂၃၇၉၅၄ ၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၉၅၅၀၀၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁

ဦးကျော်စိုးသူ (တရားလို) **နှင့်** ဒေါ်ထက်ထက်လှိုင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ်(၂၄)နေ ဒေါ်ထက်ထက်လှိုင်(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၂၂ ရက် (၁၃၈၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီဝေယံဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကြော်ငြာစာ

